ကြေးမုံ

The Mirror

၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် တည်ထောင်ခဲ့သည်

Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (18-7-2014) (၇၉၀၅)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးရွာသွန်းမှု

၁၇-၇-၂၀၁၄

သံတွဲ	၅ ဒသမ ၉၀ လက်မ
ကျောက်ဖြူ	၄ ဒသမ ၇၂ လက်မ
ပုတာအို	၄ ဒသမ ၃၃ လက်မ
ကျောက်တော်	၃ ဒသမ ၅၈ လက်မ
ချောင်းဆုံ	၃ ဒသမ ၅၄ လက်မ
တောင်ကုတ်	၃ ဒသမ ၃၀ လက်မ
မော်လမြိုင်	၃ ဒသမ ၃၀ လက်မ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူမြို့ရှိ ဂီတအနုပညာကျောင်းသို့ သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၇

စင်ကာပူသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက် ညပိုင်းတွင် စင်ကာပူမြို့တော်ခန်းမ (TBC) ၌ ပြုလုပ်သည့် မြို့တော်ဝန်နှင့် လူထုတွေ့ဆုံခြင်းအစီအစဉ်ကို တက်ရောက်လေ့လာကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား စင်ကာပူဗဟိုဒေသ မြို့တော်ဝန် မစ္စဒင်နီဖျူလေးပန်းက အစီအစဉ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုသို့ရှင်းလင်းတင်ပြရာတွင် ယခုအစီအစဉ်သည် စင်ကာပူလွှတ်တော်၏ အစီအစဉ်ဖြစ်ကာ နိုင်ငံသားများက ယင်းတို့မဲဆန္ဒနယ်မှ လွှတ်တော်အမတ်များနှင့်တွေ့ဆုံပြီး ၎င်းတို့၏အခက်အခဲများကို ဖြေရှင်းပေးသည့် အစီအစဉ်တစ်ခုဖြစ်ပါကြောင်း၊ တစ်ပတ်လျှင် တစ်ကြိမ်ကျတွေ့ဆုံကာ ပြည်သူများ၏ အခက်အခဲ အတားအဆီးများကို ဖြေရှင်းပေးနိုင်သည့် နေရာတစ်ခုအဖြစ် အားကိုး၍ လာရောက်တွေ့ဆုံကြပါကြောင်း။

ပြည်သူများအနေဖြင့် ၎င်းတို့၏အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ်များမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဘုတ်အဖွဲ့များ၊ ပါတီအဖွဲ့အစည်းများကို အခက်အခဲကြုံတွေ့နေရသူမဲဆန္ဒရှင် ပြည်သူများကိုယ်စား အသနားခံစာများရေးပို့ကာ ပြည်သူများ၏ အခက်အခဲကို တတ်နိုင်သမျှ ကူညီဖြေရှင်းပေးကြခြင်းဖြစ်ပါကြောင်း။

တိုင်းသူပြည်သားအများစုကလည်း လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများ၊ အတားအဆီးများ၏ ဖြေရှင်းပေးနိုင်ရာနေရာတစ်ခုအဖြစ် အားကိုး၍ လာရောက်တွေ့ဆုံကြပါကြောင်းဖြင့် တင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူနိုင်ငံရှိ ရောင်စီတိုးဂီတအနုပညာကျောင်းတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရေး စက်ရေတွင်းတူးဖော်

မိတ္ထီလာ ဇူလိုင် ၁၇

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ လေးလက်မစက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေးလက်မစက်ရေတွင်းကို မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်၍ အလည်ရွာကျေးရွာ အလယ်တန်းကျောင်းဝင်းအတွင်း၌ တူးဖော်လျက်ရှိသည်။ အလည်ရွာကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်ရှိပြီး

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်တွေ့ဆုံ၊ အင်းစိန်ဗဟိုအကျဉ်းထောင် ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့၌ရောက်ရှိနေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယက ဦးလှမောင်၊ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယက ဦးလှမောင်၊ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် အဖွဲ့ဝင် ဦးအောင်နိုင်တို့က မြန်မာနိုင်ငံသည် မိမိတို့ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသောနိုင်ငံဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့်ပဋိပက္ခများကိုလည်း ဘာသာပေါင်းစုံ အတူလက်တွဲ ဖြေရှင်းလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး မစ္စ ရန်ဟီလီက မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခမျိုး ကမ္ဘာတစ်ဝန်းတွင်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ပဋိပက္ခများ အတူလက်တွဲဖြေရှင်းနေသည်ကိုလည်း ကြားသိခဲ့ရပြီးဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ○

ကြေးမုံစာတည်းရှုထောင့် **၁၈-၇-၂၀၁၄၊ သောကြာနေ့**

အာဇာနည်ကို အစဉ်မမေ့လျှင်

အာဇာနည်နေ့သည် မမေ့အပ်သော နေ့တစ်နေ့ဖြစ်ပါသည်။ ထိုသို့ မမေ့အပ်သောကြောင့်လည်း ယခု နှစ်ပေါင်း (၆၇)နှစ်ကြာသည့်တိုင် အဆိုပါ အာဇာနည်ခေါင်းဆောင်ကြီးများကို ကျွန်ုပ်တို့မြန်မာနိုင်ငံသူ၊ နိုင်ငံသား အပေါင်းတို့က အလေးဂရုပြုနေကြရဆဲဖြစ်သည်ကို မြင်တွေ့ကြရမည် ဖြစ်ပါသည်။

ထိုအခါ အာဇာနည်ခေါင်းဆောင်ကြီးများကို ကျွန်ုပ်တို့ ဘယ်ပုံ ဘယ်နည်း မမေ့ကြသည်ကို ပြန်လည်လေ့လာဆန်းစစ်ဖို့လိုမည်ဖြစ်ပါ သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မမေ့နိုင်သော မိန့်ကြားချက်များ၊ ပြုမူဆောင်ရွက်ချက်များကို အားကျအတုယူ လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ သတိရရုံသက်သက်ဆိုလျှင်ပါမူ အာဇာနည်နေ့သည် အထိမ်းအမှတ် သက်သက်သာ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ မြန်မာအမျိုးသား အာဇာနည်ခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက် ရေးအတွက် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ပြင်းပြစွာဖြင့် မိမိဘဝနှင့် မိမိအသက်ကို တိုင်းပြည်နှင့် လူအများကောင်းစားရေးအတွက် ပေးဆပ် စွန့်လွှတ်ခဲ့ကြသူများအဖြစ် အများက မှတ်ကျောက်တင်ထားသော ပုဂ္ဂိုလ် များဖြစ်ပါသည်။

ထိုသို့ မှတ်ကျောက်တင်ခံနိုင်လောက်အောင်လည်း အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိန့်ကြားချက်များနှင့် လုပ်ဆောင်ခဲ့မှုများက စံနမူနာပြ အတုယူဖွယ်ရာများသာဖြစ်သည်။ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အာဇာနည်နေ့ရောက်လေတိုင်း လွမ်းဆွတ်တသ သတိရနေရုံမျှဖြင့် ပြီးလိမ့်မည်မဟုတ်ချေ။ အာဇာနည်ခေါင်းဆောင်ကြီးများအား အထိမ်းအမှတ်ပြုလုပ်နေရုံဖြင့်လည်း အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်း ခဲ့သော ပန်းတိုင်သို့ ရောက်လိမ့်မည်မဟုတ်ချေ။

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ကျွန်ုပ်တို့အားလုံး မမေ့ကြပါဟုဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိန့်ကြားချက်များ၊ လမ်းမှန်ညွှန်ပြပေးမှုများအတိုင်း လိုက်နာကျင့်သုံးကြရပေလိမ့်မည်။ ထိုသို့ လိုက်နာကြမှသာလျှင် ကျဆုံးလေပြီး သော အာဇာနည်ခေါင်းဆောင်ကြီးများကို ရိုသေရာ၊ ချစ်မြတ်နိုးရာ၊ မမေ့ အပ်ရာ ရောက်ပေလိမ့်မည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အနာဂတ် နှစ်ပေါင်းများစွာကို မြော်တွေး၍ ကျွန်ုပ်တို့နိုင်ငံသူ နိုင်ငံသားများအား လမ်းညွှန်မှာကြားခဲ့သည်မှာ မှတ်သားစရာဖြစ်သည်။ ယနေ့ထက်တိုင်လည်း မမေ့ရက်နိုင်ဖြစ်သည်။ ထိုသို့ မမေ့ရက်နိုင်သလို ဗိုလ်ချုပ်အောင်ဆန်း မှာကြားချက်များကို လိုက်နာကြပါ၏လားဟု မိမိကိုယ်ကိုမေးခွန်းထုတ် ကြည့်သင့်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ အားလုံး၏ သက်စွန့်ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ခဲ့မှုကြောင့် လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော် လွန်ခဲ့ပြီဖြစ်သည်။ ယနေ့ကာလတွင် လွတ်လပ်သောလူမျိုးအဖြစ် လွတ်လွတ် လပ်လပ် နေထိုင်ပြုမူဆောင်ရွက်ခွင့်များလည်း ရရှိနေပြီဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားထားသော လွတ်လပ်ရေးမျိုး၊ လွတ်လပ်မှု မျိုးကို မိမိတို့ဆောင်ရွက်ခြင်း ဖြစ်၊ မဖြစ် ပြန်လည်ဆန်းစစ်ကြည့်သင့် သည်။

လွတ်လပ်ရေးရတော့မည်ဆိုသည်နှင့် ကတ္တရာလမ်းပေါ် ဆေးရိုး တက်လှမ်းသော ဖြစ်ရပ်ကိုသတိပေးခဲ့ပုံနှင့် လွတ်လပ်ရေးကို လိုချင်လျှင် လွတ်လပ်ရေးရနိုင်လောက်သည့် စည်းကမ်းရှိကြရန်၊ လွတ်လပ်ရေးကို လိုချင်လျှင် လွတ်လပ်ရေးရနိုင်သည့် ညီညွတ်မှုကို ထိန်းသိမ်းထားရန်၊ လွတ်လပ်ရေးကို လိုချင်လျှင် လွတ်လပ်ရေးကိုရနိုင်သည့် ထူထောင်မှုကို လုပ်ကြရန်၊ ရှေ့ကို လွတ်လပ်ရေးအရသာ ခံစားစံစားချင်သည်ဆိုလျှင် အလုပ်လုပ်ကြရန်၊ စည်းကမ်းရှိကြရန်၊ ယခုကတည်းက အကျင့်ဆိုး၊ အကျင့် ဟောင်းများပြင်ကြရန် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက နောက်ဆုံးမိန့်ကြားထားသည်ကို သတိမူကြရပေလိမ့်မည်။

ထို့ကြောင့် လွတ်လပ်ရေးလည်းရပြီ၊ လွတ်လွတ်လပ်လပ်လည်း နေနိုင် ကြပြီ၊ ကျွန်ုပ်တို့အားလုံး အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိန့်ကြားချက် များကို လိုက်နာကြရန်သာဖြစ်ပါသည်။ ။

အင်းလေးဟိုတယ်ဇုန် ဖွံ့ဖြိုးရေးစည်းဝေး

တောင်ကြီး ဇူလိုင် ၁၇

ရှမ်းပြည်နယ် အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဟိုတယ်ဇုန်အား တည်ဆောက်ခဲ့သည်မှာ တစ်နှစ် ကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ ဒေသခံများ အား မြေယာလျော်ကြေးပေးချေမှု ဆောင်ရွက်နေရခြင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ် တောကြိုးဝိုင်းမြေမှဟိုတယ်ဇုန်အဖြစ် အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်နေမှု အချို့ကြောင့် တိုးတက်ဖွံ့ဖြိုးရန် အနည်းငယ် နှောင့်နှေးနေရသော် လည်း ယခုအခါတွင်သစ်တောမြေမှ ဟိုတယ်ဇုန်အဖြစ် တည်ဆောက်ရန် မြေ ၆၂၂ ဧကအားလုံး ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပြီး ဖြစ်၍ မြေကွက်ဝယ်ယူထားသူလုပ်ငန်း ရှင်များအားဆက်သွယ်ပြီး ၎င်းတို့ အား ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့် များ ထုတ်ပေးပြီးပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများ အမြန် ဆုံး အရှိန်အဟုန်ဖြင့် ဆောင်ရွက် သွားရန် ထည့်သွင်းပြောကြားခဲ့ သည်။ အဆိုပါညှိနှိုင်းအစည်းအဝေး ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း ရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်း ကော်မတီ ၁၂ ခုမှ ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် ဒုတိယ ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်း မောင်တို့က ဟိုတယ်ဇုန်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြေ ၆၂၂ ဧက တွင် ဟိုတယ်၊ လမ်း၊ သာသနာမြေ၊ အသုံးပြုမရမြေ၊ လျှပ်စစ်၊ ဆက်သွယ် ရေးနှင့် ရှင်းလင်းဆောင်များအတွက် မြေအသုံးချမှုအခြေအနေ၊ လုပ်ငန်း ရှင်များက စတင်တည်ထောင်မှု အခြေ အနေများအားလည်းကောင်း၊ တက် ရောက်လာကြသည့် လုပ်ငန်းကော်မတီ အသီးသီးမှ တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက် ထားမှုအခြေအနေများအားလည်းကောင်း တင်ပြ ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေး သည်။ ဆက်လက်၍အင်းတိုင်းရင်းသား ရေးရာဝန်ကြီးနှင့် တက်ရောက်လာကြ သူများက တည်ဆောက်ရေးလုပ်ငန်း များ အရှိန်မြှင့်ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များအား ဖိတ်ကြားပြီး ၎င်းတို့၏လိုအပ်ချက်၊ ကော်မတီမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးရန်နှင့် ငွေအကျေပေးသွင်းပြီးသူများအား မြေပုံစံ (၁၀၅)နှင့် မြေငှားဂရန် ထုတ်ပေးရန် ကိစ္စများ၊ စက်မှုမြေ ငှားဂရန်ဖြစ်၍ ပေးသွင်းရမည့် အခွန် အခများ ကျေလည်စွာ ကောက်ခံ ရရှိရေးတို့ကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အင်းလေး ဟိုတယ်ဇုန်သည် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်အရှေ့ခြမ်းတွင်တည် ရှိပြီး အကျယ် ၆၂၂ ဧကဖြစ်ရာ A, B, C ဇုန် သုံးခုခွဲထားပြီး လုပ်ငန်း ရှင်များမှ မြေကွက်ပေါင်း ၉၄ ကွက် အား လာရောက်ဝယ်ယူရင်းနှီးမြှုပ်နှံ ထားရှိပြီး လမ်း၊ တံတား၊ စက်လှေဆိပ်၊ အပန်းဖြေဇုန်၊ ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ် အားရရှိရေးတို့အား ဖွံ့ဖြိုးတိုးတက် ရေးကော်မတီမှ တည်ဆောက်ပေး ထားပြီး မကြာမီ လျင်မြန်စွာဖွံ့ဖြိုး တိုးတက်လာနိုင်ကြောင်း သိရသည်

နိုင်ထွန်း (TGI)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်	ရွှေဈေး	၆၇၅၅၀၀ - ၆၇၆၃၀၀		(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၅. ၁
မန္တလေး	ရွှေဈေး	၆၇၅၅၀၀ - ၆၇၆၃၀၀		(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၆၇
စက်သုံးဆီဈေးနှုန်း				(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၆၆
(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်	(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၂၃
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်	(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၁၉၂
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်	(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၆. ၂၇
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်	(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၅၅၇
နိုင်ငံခြားငွေလဲလှယ်နှုန်း				(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၀. ၅၄
(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀	(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၇၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

☆ ဒုတိယသမ္မတမှ

ယင်းနောက် ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်းပြီး တွေ့ဆုံပွဲ အခမ်းအနားကျင်းပသည့်နေရာနှင့် တက်ရောက်သည့်ပြည်သူများကို လှည့်လည်ကြည့်ရှုလေ့လာကာ ဒေသမြို့တော်ဝန်အား အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ် လက်အောက်ခံ ကျောင်းခွဲတစ်ခုဖြစ်သည့် ရောင်စီတိုး (Yaung Siew Toh) ဂီတအနုပညာကျောင်းသို့ သွားရောက်လေ့လာကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား အဆိုပါကျောင်း၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ တွဲဖက်ပါမောက္ခ မစ္စတာကာရစ်ဒီက ကျောင်းရှင်းလင်းဆောင်ခန်းမတွင် ကျောင်းနှင့်ပတ်သက်သည့် အချက်အလက်များကိုရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် ကျောင်း၌ သရုပ်ဆောင်၊ တေးရေး၊ အသံဖမ်းအင်ဂျင်နီယာ ဘာသာရပ် စသည်တို့ကို သင်ကြားပို့ချပေးနေသည့် အခြေအနေ၊ ဆယ်နှစ်ကျော်ကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့မှုအခြေအနေ၊ ယခင်က ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်၏ တွဲဖက်ကျောင်းခွဲတစ်ခုဖြစ်ခဲ့ကာ ယခုအခါတွင် စင်ကာပူအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံကျော်မှ ဂီတအနုပညာရှင် ကျောင်းသား ၂၂၀ခန့် တက်ရောက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရောင်စီတိုး ဂီတအနုပညာကျောင်းသည် စင်ကာပူနိုင်ငံကို ဂီတအနုပညာဘက်ပိုင်း၌ ရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ စင်ကာပူနိုင်ငံ၏ ဖွံ့ဖြိုးလာသော စီးပွားရေး၊ နည်းပညာ၊ ကျန်းမာရေးကဏ္ဍများနှင့်အတူ အနုပညာဖန်တီးမှုကဏ္ဍ၌လည်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းပရဝုဏ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကျောင်းတာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်၌ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေအောင်၊ စစ်သံမှူးဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွားတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ မစ္စတာ ဝီလီယံချစ်ခ်တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

○ ကုလသမဂ္ဂမှ

ထိုမှတစ်ဆင့် မစ္စ ရန်ဟီလီနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ သွားရောက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မစ္စ ရန်ဟီလီနှင့် အဖွဲ့ဝင်များသည် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ရောက်ရှိရာ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် ထောင်မှူးကြီး ဦးကျော်ငွေးတို့က အင်းစိန်ဗဟိုအကျဉ်းထောင်ရောက် အကျဉ်းသားအကျဉ်းသူများအပေါ် ပြုမူဆက်ဆံမှုနှင့် အခြားဆောင်ရွက်ပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မစ္စ ရန်ဟီလီနှင့် အဖွဲ့ဝင်များသည် အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး**(ဝဲပုံ)** အကျဉ်းသားခြောက်ဦးနှင့် အကျဉ်းထောင်ဧည့်ခန်းမ၌ သီးခြားစီ လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့တွင် ဘတ်ငွေသန်း ၁၂၄၀၀ ရင်းနှီးမြှုပ်နှံမည့် ဘိလပ်မြေစက်ရုံတည်ဆောက်မည်

ရန်ကုန် ဇူလိုင် ၁၇

အာဆီယံ၏ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သော SCG ကိုယ်စား SCG ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Kan Trakulhoon နှင့် သီးသန့်သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်၍ အမှတ်(၅၂) ဆရာစံလမ်း ဗဟန်းမြို့နယ်ရှိ Acacia Tea Salon ၌ ကျင်းပသွားမည်ဖြစ်ရာ သတင်းစာရှင်းလင်းပွဲတွင် ရှယ်ယာရှင်များနှင့် တွေ့ဆုံရန် ရောက်ရှိနေသော Mr.Kan နှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်နိုင်မည့်အပြင် SCG ၏မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၏ နောက်ဆုံးရအခြေအနေများကို ရှင်းလင်းပြောပြသွားမည်ဖြစ်သည်။ ထို့ပြင် ဘိလပ်မြေနှင့်ဆောက်လုပ်ရေးပစ္စည်းများ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအပေါ် ကုမ္ပဏီ၏ချဉ်းကပ်မှုများ၊ CSR နှင့်လူ့စွမ်းအားမြှင့်တင်ရေးလုပ်ဆောင်မှုများအပေါ် အမြင်များအား မျှဝေသွားမည်ဖြစ်သည်။

မော်လမြိုင်မြို့တွင်တည်ဆောက်မည့် ဘိလပ်မြေစက်ရုံသို့ လမ်းဖောက်လုပ်မှုများပြုလုပ်နေပြီး စက်ရုံတည်ဆောက်မှုအတွက် SCG ကဘတ်ငွေ သန်းပေါင်း ၁၂၄၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကာ ၂၀၁၆ ခုနှစ် ဒုတိယလေးလပတ်ကာလတွင် လုပ်ငန်းလည်ပတ်ရန်မျှော်မှန်းထားကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတစ်ခုလုံးရှိ Customer များအကြား SCG အမှတ်တံဆိပ်အသစ်နှင့် ဘိလပ်မြေအိတ်သစ်များကိုလည်း SCG ကမိတ်ဆက်ထားကြောင်းနှင့် ရှယ်ယာရှင်များအနေဖြင့် လုပ်ငန်းထပ်မံချဲ့ထွင်မှုမှအကျိုးအမြတ်ရရှိမည်ဟု SCG ကယုံကြည်ထားကြောင်း သိရသည်။ **(ကျော်သဲအိမ်)**

✻ ရွှေဖုံးမှ

လူဦးရေ ၁၂၀၀ ကျော်ရှိသည့် အဆိုပါကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ အလယ်တန်းကျောင်းတို့ တည်ရှိသောကြောင့် ဒေသခံများနှင့် အခြားဒေသမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် ဇူလိုင် ၈ ရက်မှ စတင်၍ လေးလက်မစက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လေးလက်မစက်ရေတွင်းတူးဖော်ပြီးစီးပါက ကျေးလက်နေပြည်သူများနှင့် အခြားဒေသမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများ သောက်သုံးရေအတွက် အဆင်ပြေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

ထိုင်းတပ်မတော်က ရင်လပ်ကို ပြည်ပသို့ ခရီးထွက်ခွင့်ပြု

ဗန်ကောက် ဇူလိုင် ၁၇

ထိုင်းတပ်မတော်ခေါင်းဆောင်များက အာဏာသိမ်းပြီးနောက် ဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝါထရာအားပြည်ပသို့ ခရီးထွက်ခွာခွင့်ပြုခဲ့ပြီဖြစ်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စရင်လပ်သည် သူမ၏ အစိုးရအဖွဲ့ကို မေ ၂၂ ရက်နေ့တွင် ဖယ်ရှားခြင်းခံရပြီးချိန်မှစ၍ ကျစ်လျစ်သိပ်သည်းစွာ နေထိုင်ခဲ့သဖြင့် ပြည်ပသို့ ခရီးထွက်ခွာခွင့်ပြုရန် မေတ္တာရပ်ခံချက်ကို အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သတင်းများအရ သူမသည် သူမ၏ အစ်ကိုဖြစ်သူ သက်ဆင်ရှင်နာဝါထရာ၏ မွေးနေ့ပွဲကိုတက်ရောက်ရန်အတွက် ပြင်သစ်နိုင်ငံသို့ သွားမည်ဖြစ်သည်။

မစ္စတာ သက်ဆင်သည် ဇူလိုင် ၂၆ရက်နေ့တွင် ၆၅ နှစ်ပြည့်ပြီဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် တပ်မတော်က အာဏာသိမ်းစဉ် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခြင်းခံခဲ့ရသည်။ ထိုင်းတရားရုံးတစ်ရုံးက အဂတိလိုက်စားမှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသဖြင့် ပြည်ပနိုင်ငံများ၌ နေထိုင်လျက်ရှိသည်။

မစ္စတာ ရင်လပ်သည် ဇူလိုင် ၂၀ မှ ဩဂုတ် ၁၀ ရက်အထိ ဥရောပသို့ ခရီးထွက်ခွာခွင့်ပြု ပါရန် မေတ္တာရပ်ခံခဲ့ကြောင်း တပ်မတော်က ပြောသည်။

ဘီဘီစီ။

သူလျှိုစခန်းပြန်ဖွင့်မည့် သတင်း မဟုတ်မှန်ကြောင်း ပူတင်ငြင်းဆို

မော်စကို ဇူလိုင် ၁၇

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်းသည် ကျူးဘားနိုင်ငံ၌ သူလျှိုစခန်းတစ်ခု ပြန်လည်ဖွင့်လှစ်ရန် သဘောတူညီမှု ရရှိခဲ့သည်ဟူသော သတင်းမှာ မဟုတ်မမှန်ကြောင်း ယနေ့ ငြင်းဆိုလိုက်သည်။

ကျူးဘားနိုင်ငံ မြို့တော် ဟားဗားနားအနီးရှိ လော်ဒီး(စ်)စခန်းကို စစ်အေးကာလအတွင်း အမေရိကန်ပြည်ထောင်စုကို သူလျှိုလုပ်ရန် ဆိုဗီယက်ပြည်ထောင်စုက အသုံးပြုခဲ့သည်။

ရုရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ရေးလိုအပ်ချက်များကို သူလျှိုစခန်းများမရှိဘဲလျက် ဖြည့်စွမ်းနိုင်ကြောင်း ဘရာဇီးနိုင်ငံ ဘရစ်ထိပ်သီးအစည်းအဝေးတွင် ပူတင်က ပြောကြားခဲ့သည်။

ရုရှားနှင့် ကျူးဘားတို့သည် သူလျှိုစခန်း ပြန်လည်ဖွင့်လှစ်ရန် သဘောတူခဲ့ကြသည်ဟု ရုရှားသတင်းစာ "ကွန်မားဆင့်" က စောစောပိုင်း၌ ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်၌ မစ္စတာပူတင်သည် ကျူးဘားနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့စဉ် အဆိုပါ သဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း "ကွန်မားဆင့်" က ရေးသားသည်။

ရိုက်တာသတင်းဌာနကလည်း ရုရှားလုံခြုံရေးသတင်း အရင်းအမြစ်ကို ကိုးကား၍ အခြေခံသဘောတူညီချက်များ ရရှိခဲ့ပြီးပြီဟု ပြောကြားလျက် "ကွန်မားဆင့်" သတင်းစာက ဖော်ပြသော သတင်းကို အတည်ပြုသည်။

လော်ဒီး(စ်)စခန်းသည် ၁၉၆၇ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု လုံခြုံရေးအဖွဲ့ကို ထောက်လှမ်းရေးသတင်းများ ပေးပို့ခဲ့သည့်အပြင် ရုရှားရေတပ်သင်္ဘောများ လျှို့ဝှက်ဆက်သွယ်ရေးကိုလည်း ကိုင်တွယ်ခဲ့သည်။

ဇူလိုင် ၁၁ရက်က မြို့တော် ဟားဗားနား၌ ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်လ်ကက်ထစရိုအား ရုရှားသမ္မတ ပူတင် တွေ့ဆုံစဉ်။

၎င်းစခန်း၌ ကျွမ်းကျင်ပညာရှင် ၃၀၀၀ အလုပ်လုပ်ခဲ့ရာမှ ၁၉၉၀ ခုနှစ်များတွင် နည်းပညာတိုးတက်လာသဖြင့် အင်အားတစ်ဝက်နီးပါး လျှော့ချခဲ့သည်။

ပူတင်က ၂၀၀၁ခုနှစ်တွင် ကုန်ကျစရိတ်ကြီးမားမှုကို အကြောင်းပြု၍ ၎င်းစခန်းကို ပိတ်ခဲ့သည်။ ၎င်းစခန်းငှားရမ်းခအဖြစ် ကျူးဘား နိုင်ငံသို့ နှစ်စဉ် ဒေါ်လာသန်း ၂၀၀ ပေးခဲ့ရသည်။

ဘီဘီစီ။

ယူကရိန်း လေယာဉ်တစ်စင်းကို ရုရှားပစ်ချဟု စွပ်စွဲပြောကြား



ယူကရိန်းနိုင်ငံ အရှေ့ပိုင်း လူဟန့်စ်ဒေသ၌ ခွဲထွက်ရေးသမားများကို တွေ့ရစဉ်။

ကီယက်ဗ် ဇူလိုင် ၁၇

ယူကရိန်းနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း ပျံသန်းနေသည့် ယူကရိန်းလေယာဉ်တစ်စင်းကို ရုရှားလေတပ်က ပစ်ချခဲ့ကြောင်း ယူကရိန်းလုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်ဟု ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

အက်စ်ယူ-၂၅ အမျိုးအစား တိုက်ခိုက်ရေးလေယာဉ်တစ်စင်းမှာ ဇူလိုင် ၁၆ရက် ညနေပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ခြင်းခံရကြောင်း ယူကရိန်း အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ အန်ဒရီ လိုင်စင်ကိုက ပြောကြားသည်။

အပျော်တမ်း ရုပ်မြင်သံကြားရိုက်ကူးသူများ၏ ရိုက်ကူးဖော်ပြချက်များအရ ယူကရိန်းနိုင်ငံ အရှေ့ပိုင်း လူဟန့်စ်ဒေသ ကောင်းကင်ယံ၌ လေယာဉ်တစ်စင်း ပစ်ချခံရမှု မြင်ကွင်းကို ဖော်ပြသည်။

ယူကရိန်းအရှေ့ပိုင်းဒေသမှ ခွဲထွက်ရေးသမားများ၏ အဆိုအရ ၎င်းတို့သည် အက်စ်ယူ-၂၅ အမျိုးအစား ဂျက်တိုက်လေယာဉ်နှစ်စင်းကို ဇူလိုင် ၁၆ ရက်တွင် ပစ်ချခဲ့သည်ဟု ဆိုသည်။

ယင်းသူပုန်အဖွဲ့က ပစ်ခတ်ခဲ့ခြင်းသည် မာရီနီဗာကာနယ်စပ် ဖြတ်ကျော်စခန်းအနီးတွင် ဖြစ်ပွားခဲ့ကြောင်း ယူကရိန်းခွဲထွက်ရေးအဖွဲ့ ခေါင်းဆောင် အိုင်ဂေါစတယ်ကော့ဗ်ဂီဟာကင်က ပြောကြားသည်။

ယူကရိန်းနိုင်ငံ၏ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းကို ယခုရက်သတ္တပတ်အစောပိုင်းက ရုရှားတပ်ဖွဲ့များက ပစ်ချခဲ့ကြောင်း ယူကရိန်း တာဝန်ရှိသူများက စွပ်စွဲပြောကြားခဲ့သည်။

အေအန်-၂၆ အမျိုးအစား ထောက်ပံ့ရေးလေယာဉ်သည် ဇူလိုင် ၁၄ ရက်အစောပိုင်းတွင် ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ပစ်ချခြင်းခံရပြီး ယင်းလေယာဉ်ပါ အမှုထမ်းများမှာ ထိန်းသိမ်းထားခြင်းခံရကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ဘီဘီစီ။

နယ်ခြားဒေသ နယ်နိမိတ်သတ်မှတ်ရေးအဖွဲ့ နီပေါနှင့် အိန္ဒိယ ဖွဲ့စည်းမည်

ခတ္တမန္ဒူ ဇူလိုင် ၁၇

နီပေါနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်ခြားဒေသနယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

နယ်ခြားဒေသ နယ်နိမိတ်သတ်မှတ်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရန် သံတမန်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မကြာမီက ရရှိခဲ့သည်။



အိန္ဒိယနယ်ခြားစောင့် တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ကင်းလှည့်ကြစဉ်။

အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆုရှမား ဆွာရပ်သည် နီပေါနိုင်ငံသို့ မကြာမီ လာရောက်မည်ဖြစ်ပြီး ၎င်း၏ ခရီးစဉ်အတွင်း နယ်ခြားဒေသနယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးကိစ္စကို ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်။

ဝန်ကြီးဆွာရပ်သည် သုံးရက်ကြာ ခရီးစဉ်အဖြစ် ဇူလိုင် ၂၅ရက်တွင် မြို့တော် ခတ္တမန္ဒူသို့ ရောက်ရှိလာ မည်ဖြစ်သည်။

နီပေါနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်ခြားဒေသနယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးနောက် နယ်နိမိတ်မျဉ်းကြောင်းသတ်မှတ်ခြင်းဆိုင်ရာ သဘောကွဲလွဲမှုများကို ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။

ဖွဲ့စည်းမည့် အဆိုပါ လုပ်ငန်းအဖွဲ့သည် ညွှန်ကြားရေးမှူးချုပ်အဆင့် တာဝန်ရှိသူများ ပါဝင်မည့် အဖွဲ့ ဖြစ်သည်။

လုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဖြေရှင်းချက်အရ နှစ်နိုင်ငံနယ်စပ်ဒေသတွင် နယ်ခြားမှတ်တိုင်သစ်များကို စိုက်ထူ လာနိုင်မည်ဟု မျှော်လင့်ရသည်။

ရိုက်တာ။

လာဟိုး၌ ရဲတပ်ဖွဲ့နှင့် စစ်သွေးကြွများတိုက်ခိုက်၊ ရဲကွန်မန်ဒိုတစ်ဦး၊ တာလီဘန်တစ်ဦး သေဆုံး

လာဟိုး ဇူလိုင် ၁၇

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဇူလိုင် ၁၇ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား ၁၀ နာရီကြာမျှ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ကွန်မန်ဒိုရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် တာလီဘန်စစ်သွေးကြွတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်၏ စံအိမ်တော်မှ နှစ်ကီလိုမီတာမျှသာ ကွာဝေးသောနေရာတွင် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ လာဟိုးမြို့ ရေဝင်းအရပ်၌ ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးတစ်ရပ်အတွင်း အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နေအိမ်တစ်လုံးအတွင်း စစ်သွေးကြွများ ခိုအောင်းနေသည်ဟု သတင်းရရှိပြီးနောက် ရဲတပ်ဖွဲ့က ဇူလိုင် ၁၇ရက် နံနက် ၂နာရီခန့်တွင် ယင်းနေအိမ်ကို ဝင်စီးခဲ့သည်။

အကြမ်းဖက်သမားတစ်ဦးကို အသေဖမ်းဆီးရမိသည့်အပြင် အခြားအကြမ်းဖက် သမားတစ်ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း၊ အဖမ်းခံရသူ စစ်သွေးကြွမှာလည်း ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း လာဟိုး ရဲတပ်ဖွဲ့မှ ခေတ္တရဲမှူးဟာမိက ပြောကြားသည်။

ကွန်မန်ဒိုရဲတပ်ဖွဲ့ဝင်ငါးဦး သေနတ်ဒဏ်ရာများ ရရှိခဲ့ပြီး ၎င်းတို့ကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ၎င်းတို့အနက် တစ်ဦးမှာ နောက်ပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသေဖမ်းဆီးရမိသော စစ်သွေးကြွမှာ ပန်ဂျပ်ပြည်နယ် အိုကရာမြို့မှဖြစ်သည်။ ယင်းမြို့သည် လာဟိုးမြို့မှ ကီလိုမီတာ ၂၀၀ခန့် အကွာတွင် တည်ရှိသည်။

စစ်သွေးကြွတို့ ပုန်းအောင်းနေထိုင်ခဲ့သော နေအိမ်အတွင်းမှ ရိုင်ဖယ်သေနတ်တစ်လက်၊ အေကေ-၄၇ သေနတ်နှစ်လက်၊ လက်ပစ်ဗုံးနှစ်လုံး၊ အသေခံဗုံးခွဲတိုက်ခိုက်ရာတွင် အသုံးပြုနိုင်သော ဝတ်စုံများ၊ မော်တော်ဆိုင်ကယ် နှစ်စီးတို့ကိုလည်း ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့သည်။

ရိုက်တာ။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ပြင်သစ်သုတေသန လက်ထောက်ပါမောက္ခအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဟောင်ကောင်တက္ကသိုလ်မှ ပြင်သစ်သုတေသန လက်ထောက်ပါမောက္ခ Dr. Renaud EGRETEAU အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1)၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်တင်ဘုန်းနွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

တွံတေးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

တွံတေး ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့သည် အုန်းပင်စုရပ်ကွက် နွယ်နီလမ်းတွင် ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့မေသိန်းနှင့် အဖွဲ့ဝင်များသည် ရပ်ကွက်အတွင်းရှိ ရေကန်၊ ပန်းအိုး စသည်တို့ကို အဘိတ်ဆေးများခတ်ပေးကာ သွေးလွန်တုပ်ကွေးရောဂါနှင့် အထွေထွေကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ဥတုရာသီ
တောကိုမှီ၍

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပုလဲမြို့နယ်မှ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၇

ပုလဲမြို့နယ်မှ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ပညာ၊ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန်၌ ဂုဏ်ပြုချီးမြှင့်ခြင်း၊ ယင်းမာပင်ခရိုင် မြို့နယ်လေးမြို့နယ်သို့ ဆေးပစ္စည်းများ လှူဒါန်းခြင်းနှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ၂၀၁၄ ခုနှစ်တွင် ပုလဲမြို့နယ်အတွင်း ကျောင်းသစ်ဖွင့်ခွင့်ပြုခြင်းနှင့် ကျောင်းအဆင့်မြှင့်တင်ခြင်း ၃၇ ကျောင်းအထိ ခွင့်ပြုပေးခဲ့ကြောင်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုလဲမြို့နယ်ရှိ ကျေးရွာပေါင်း ၁၈၈ ရွာတွင် ကျေးရွာစာကြည့်တိုက်များ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးအတွက်လည်း ယခု အခမ်းအနားတွင် ပုလဲ၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီ လေးမြို့နယ် ပြည်သူများအတွက် ဆေးပစ္စည်းမျိုးစုံ ၁၅၄ သိန်းကျော်ဖိုး လှူဒါန်းမည်ဖြစ်ကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန် ပုလဲမြို့နယ် အတွင်းရှိ ကျေးရွာအားလုံးအတွက် အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ယခု ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ပြည်သူများ၏လုပ်ငန်းကိုစိစစ်ပြီး ချေးငွေကို ကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ပုလဲမြို့နယ် ကုန်းမြင့်ဒေသရှိ စိုက်ပျိုးရေမရရှိသေးသော ပြည်သူများအတွက် ရေရရှိအောင် တောင်ယမားနှင့် မြောက်ယမားဆည်များမှ မြောင်းများ သွယ်တန်းဆောင်ရွက်ပေးနိုင်အောင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပြည်သူများကလည်း နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုတစ်ခုတည်းကိုသာ အားကိုးမှီခိုမနေဘဲ ချောင်းပိတ်မြောင်းပိတ်စနစ်၊ မြေအောက်ရေရယူသုံးသည့်စနစ်တို့ကိုပါ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့လုပ်ရာတွင် လိုအပ်သောငွေကြေးကို အရစ်ကျပြန်ဆပ်စနစ်ဖြင့် သမဝါယမဝန်ကြီးဌာနက ချေးပေးမည်ဖြစ်ကြောင်း၊ နည်းပညာကိုလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ပညာရေးကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်ခြင်တုံတရား တိုးပွားစေရေး အဓိက အခြေခံဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့် အားပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပုလဲမြို့နယ်မှ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများဖြစ်သည့် လေးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၄၆ ဦး တို့အတွက် စုစုပေါင်း ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ၄ သောင်း၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမ ၂၀ အတွက် ဂုဏ်ပြုဆုငွေ နှစ်သိန်း၊ ကျေးရွာ စာကြည့်တိုက် ၁၄ တိုက်အတွက် သုတ၊ ရသစာအုပ်/စာစောင်များနှင့် မြို့နယ်လေးမြို့နယ်အတွက် ဆေးပစ္စည်းတန်ဖိုးငွေကျပ် ၁၅၄ သိန်းကျော် ပံ့ပိုးလှူဒါန်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် ငပရင်း ပရိယတ္တိစာသင်တိုက်သို့သွားရောက်ခဲ့ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃၂၅ ဦးအတွက် တစ်ဦးလျှင် ကျောင်းသုံးဗလာစာအုပ် လေးအုပ်၊ ခဲတံ နှစ်ချောင်းနှုန်းဖြင့် စာအုပ် ၄၄၄ ဒါဇင်၊ ခဲတံ ၂၂၂ ဒါဇင်နှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မေ့မရနိုင်သည့်ထိုနေ့အကြောင်း

မောင်ချိုမင်း(ကန္တရဝတီ)

နှစ်ပေါင်း (၆၇)နှစ်တိတိ ကြာမြင့်ခဲ့ပြီဖြစ်သည်။

၁၉-၇-၁၉၄၇ ရက်နေ့ နံနက်ခင်း။

ထိုနေ့က မိုးတွင်းကာလ ဝါခေါင်လမို့ ကောင်းကင်တစ်ခွင်လုံး မည်းမှောင်အုံ့မှိုင်းနေသည်။ တကယ်တမ်းရွာလျှင် တော်တော်နှင့် တိတ်မည့် မိုးမဟုတ်။

မမသန်းရီ၊ ကိုအေးနှင့် ကျွန်တော်တို့မောင်နှမသုံးယောက်မှာ တာမွေမြူနီစီပယ်ရောင်ကြီး ဗွေဆရာကြီး ဦးဘိုးကြွယ်၏ မူလတန်းကျောင်းသားများဖြစ်ကြ၏။

ဂျပန်ခေတ်တစ်လျှောက်လုံး စစ်ဘေးစစ်ဒဏ် အမြောက်ရန်ကို သုံးနှစ်သုံးမိုးတိမ်းရှောင်ရင်း ပညာရေးနှောင့်နှေးခဲ့ရသောကြောင့် အစ်မမသန်းရီက (၁၃)နှစ်သမီးရှိကာမှ စတုတ္ထတန်း၊ အစ်ကိုမောင်အေး(၁၁)နှစ်သားက တတိယတန်း၊ သူတို့ထက်အငယ် ခုနစ်နှစ်သား ကျွန်တော်က ပထမတန်း။

အဖေက အလုပ်မသွားမီအချိန်တိုင်း အမေ့ကို တဖွဖွမှာလေ့ရှိသည်။

"မလှ - ကလေးတွေကို ကျောင်းပို့သွားရင် အငယ်ကောင်ကို သေချာလက်ဆွဲထား၊ ကားတွေက အမောင်းရမ်းပါဘိသနဲ့၊ လမ်းဖြတ်ကူးရင် ကလေးတွေကို ငါစိတ်မချဘူး"

မက္ကင်နှမ်းမက္ကင်ဇီခေါ် ဘီအိုင်သဘော်ကုမ္ပဏီစာရေးကြီးဖြစ်သော ကျွန်တော့်ဖခင် မြန်မာပြည်ဘိလိယက်ချန်ပီယံ ဦးဂေါ်ရာမှာ လူကပိန်ပိန်၊ ကြောက်တတ်လန့်တတ်စိုးရိမ်တတ်သည့်နေရာတွင် သူ့အပြင်မရှိ။

ကျွန်တော်တို့အိမ်က တာမွေအဝိုင်းကြီး အနီး မဂျစ်လမ်း(ယခုသမိန်ဗရမ်း)ပေါ်တွင်ရှိ၍ ကျောင်းသွားလျှင် ကားလမ်းမတစ်ဖက်ခြမ်းကို ကူးပြီးသွားရကာ မဂျစ်လမ်းမပေါ်ပြေးဆွဲနေသည့် ဘတ်(စ်)ကားများက မြင်းဖြူ၊ မြင်းနီနှင့် မြင်းကျားအမှတ်တံဆိပ်များဖြစ်ကြ၍ ကားမှတ်တိုင်အတိအကျမရှိ။ မည်သည့်ဘတ်(စ်)ကားကို မဆိုလှမ်းလက်တားစီး၍ ရသည်။ ခရီးသည်ကို ကားနောက်ပြန်ဆုတ်၍ပင် စောင့်ခေါ်တင်တတ်ကြသေး။

တာမွေဈေးကြီးသည်လည်း ထိုစဉ်က လမ်းဘေးပလက်ဖောင်းပေါ် ခနိမိုး ဖရိုဖရဲပုံကျ ဈေးတန်းများသာဖြစ်၍ တာမွေမီးသတ်စခန်းပင် ဦးဘိုးကြွယ်ကျောင်းကွင်းကြီးထဲတွင် မဖွင့်ရသေးသည့် လွတ်လပ်ရေးမရသေးမီကာလ။

ကျွန်တော်တို့မောင်နှမသုံးယောက် နံနက်ပိုင်းကျောင်းတက်ပြီး နံနက် ၁၁ နာရီအိမ်ပြန်ထမင်းစားပြန်ပြီး ကျောင်းပြန်အရောက်ခဏမှာပင် အမေသည် မိုးတဖွဲဖွဲတွင် ထီးတစ်ချောင်းဆွဲ၍ ပြူးတူးပြဲတဲပုံစံဖြင့် ကျောင်းသို့လိုက်လာကာ အတန်းပိုင်ဆရာမ ဒေါ်အေးခင်နှင့် တီးတိုးပြောနေသည်။ ဆရာမက "မင်းအမေလာခေါ်နေတယ်။ လွယ်အိတ်သိမ်းပြန်လိုက်သွား"

ကျွန်တော်က ဆရာမဒေါ်အေးခင်ပြောသည်ကို ဘာမှန်းမသိ အမေက မြို့ထဲသွားပြီး ရုပ်ရှင်သွားကြည့်ဖို့များ လာခေါ်လေသလားဟု ထင်မိသေး။ ကျောင်းမသွားမီမနက်က ခေါင်းရင်းအိမ်မှ ကြီးကြီးဒေါ်အေးကြည်ကို အဖော်စပ်၍ သွင်ရုံတွင် ဗိုလ်အောင်ဒင်နှင့်သူဇာ ရုပ်ရှင်နှစ်ကားပေါင်းသွားကြည့်ရန် အမေတို့ပြောနေသံကို ကြားထားရသည်ကိုး။

ကျွန်တော်တို့အိမ်ပြန်ရောက်တော့ အိမ်တွင် အဖေရောက်နေသည်။ ခါတိုင်းနေ့လယ်နေ့ခင်း လုံးဝအိမ်မကပ်ဘဲ ဘိလိယက်ခုံ ကလပ်မျိုးစုံတွင် ပျော်မွေ့နေသောအဖေ ဒီနေ့နေ့လယ် ထူးထူးခြားခြား အဘယ့်ကြောင့် အိမ်စောစောရောက်နေပါလိမ့်၊ အဖေနှင့်အမေတို့မျက်နှာသိပ်မကောင်းကြ။

ထိုနေ့ညနေ ၄ နာရီခန့်မှာပင် ကျွန်တော်တို့ မောင်နှမတစ်တွေကို ခါတိုင်းနေ့များနှင့်မတူ ညစာထမင်းစောစောကျွေးထားသည်။ ထူးခြားလှပေစွ။

နောက်မှသိရသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများ လုပ်ကြံခံရကြောင်းသတင်းကို ဦးဦးဖျားဖျား ကြားသိထားရ၍ဖြစ်သည်။ ကြိုတင်သိရခြင်းအကြောင်းမှာ ကျွန်တော်တို့အစ်ကိုဝမ်းကွဲကိုချိန်စွမ်သည် ဆူးလေဘုရားလမ်း ဗဟိုမီးသတ်တွင် မီးသတ်ရဲဘော်ဖြစ်၍ ဗိုလ်ချုပ်တို့လုပ်ကြံခံရပြီး ချက်ချင်းအလောင်းများကို အတွင်းဝန်ရုံးမှ ကြက်ခြေနီတံဆိပ်ဆေးရုံကားကြီးများဖြင့် မီးသတ်ရဲဘော်များက သယ်ဆောင်ပို့ခဲ့ကြရာတွင် ကိုချိန်စွမ်လည်းပါခဲ့၏။ ယခု သူ့တာဝန်ပြီးပြီးချင်း အိမ်သို့ အမောတကောပြေးလာကာ အမေ့ကို သတင်းပေးမှုကြောင့် ကျွန်တော်တို့ကို ကျောင်းမှ စောစောပြန်ခေါ်ထားခြင်းဖြစ်၏။

မဂျစ်လမ်းမကြီးပေါ်တွင် လူစုစုဖြင့် တီးတိုးတီးတိုး သဖန်းပိုးလုပ်နေသူတွေကအပုံ၊ တာမွေအဝိုင်းကြီးအပိုင် ရှားရှားပါးပါး ဖီးလစ်ရေဒီယိုတစ်လုံးသာရှိသော ကိုမြ၏ ချစ်မိတ်ဆွေ လက်ဖက်ရည်ဆိုင်တွင်လည်း လူတွေပြည့်ကျပ်နေသည်။ မကြာမီ ရေဒီယိုမှနေ၍ နေဝင်မီးငြိမ်းအမိန့်ကို ရန်ကုန်ခရိုင်ရာဇဝတ်တရားသူကြီး ဦးဘသွယ်က ထုတ်ပြန်လိုက်ရာ လမ်းမကြီးပေါ်မှလူများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။

မကြာပါ၊ ည ၇ နာရီ ၁၅ မိနစ်တွင် အသံလွှင့်ရုံမှ မြန်မာပြည်ဘုရင်ခံမင်းကြီး ဆာဟူးဘရန့်(စ်)၏ ကြေညာချက် သတင်းထွက်လာသည်။ (ကျွန်တော့်မှာ ကလေးမို့ ဤကိစ္စတွေမသိသေး၊ နောင်ဆရာမန်းတင်ရေး မြို့ပိုင်မောင်ပြုံးချိုစာအုပ်မှ သတင်းဆိုးဆောင်းပါးကိုဖတ်၍ သိရခြင်း)

"တိုင်းသူပြည်သားတို့အား ဝမ်းနည်းစွာကြေညာရမည်မှာ ယနေ့နံနက် ၁၀ နာရီအချိန်တွင် လက်နက်စွဲကိုင်လူတစ်စုက အတွင်းဝန်ရုံး ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် ဝင်ရောက်တိုက်ခိုက်ရာ ဦးအောင်ဆန်းနှင့်တကွ အခြားဝန်ကြီးငါးဦး သေဆုံးသွားကြောင်း၊ ဝန်ကြီးငါးဦးမှာ ဘဏ္ဍာရေးဝန်ကြီး သခင်မြ၊ အလုပ်သမားဝန်ကြီး မန်းဘခိုင်၊ သတင်းဖြန့်ချိရေးနှင့် ဝါဒဖြန့်ဖြူးရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ပညာရေးဝန်ကြီး မစ္စတာအဗ္ဗဒူရာဇတ်၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး ဦးဘဝင်းတို့ဖြစ်ကြောင်း"၊ အင်္ဂလိပ်ဘာသာ -မြန်မာဘာသာနှစ်မျိုးစလုံးဖြင့် ကြေညာသည်ကို အဖေတို့ အသက်ပြင်းပြင်း မရှူဝံ့ဘဲ ရေဒီယိုရှိရာ ခေါင်းရင်းသုံးအိမ်ကျော်တွင် သွားရောက်နားထောင်ခဲ့ကြပြီး စိတ်မချမ်းမြေ့ဖြစ်ကြရသည်။ နောက်တစ်နေ့ထပ်မံကြေညာသည့် သတင်းက-

"ယမန်နေ့က ဒဏ်ရာရရှိသွားသော တောင်တန်းနယ်ဝန်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် ဆေးရုံကြီးတွင် ရရှိသော ဒဏ်ရာနှင့်ပင် ကွယ်လွန်ရှာပြီဖြစ်ကြောင်း အပြင်အတွင်းဝန် ဦးအုန်းမောင်နှင့် ဦးရာဇတ်၏ သက်တော်စောင့်ကိုထွေးတို့ပါ သေဆုံးကြောင်း" ကြေညာသည်။

ဗိုလ်ချုပ်တို့ကျဆုံးကြောင်းသိလျှင် သိချင်း "ဗမာပြည်ကြီးတော့ ရေစုန်မျောပါပြီ။ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေတဲ့ ပြည့်လက်ရုံးတွေဆုံးကုန်ပါပြီကော"ဟု မချိတင်ကဲ ဝမ်းနည်းပက်လက် ငိုကြွေးကြသူတွေက အနန္တ. . .

ထိုစဉ်က ရန်ကုန်မြို့ပေါ် ရုပ်ရှင်ရုံများသည် ယခုလို သောကြာနေ့ကားလဲခြင်း မပြုဘဲ စနေနေ့တွင် ဇာတ်ကားအသစ်လဲပြကြသည်မှာ ထုံးစံ၊ ဗိုလ်ချုပ်တို့ ကိစ္စပေါ်သည့် စနေနေ့က ရုပ်ရှင်နေ့ခင်းပွဲ ၁၂ နာရီခွဲ တစ်ပွဲသာ ပြီးဆုံးအောင်ပြသနိုင်ခဲ့ပြီး ရန်ကုန်တစ်မြို့လုံး အပျော်အပါးကိစ္စများရပ်နားသွားကြသည်ဟု ထိုစဉ်က ရုပ်ရှင်ရုံအသံတိတ်တီးဝိုင်းများတွင် စန္ဒရားတီးခဲ့သော ဆရာစစ်ကိုင်းလှရွှေက ပြောဖူးသည်။

အေဝမ်းဦးတင်နွယ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးမှလည်း တာဝန်ကျေပါ၏။ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝမှ ကျဆုံးသည့်ကာလအထိ ဆောင်ရွက်ချက်မှတ်တမ်းများပါရှိသော "ဘွိုင်ကော့တာ" ဇာတ်ကားမှ အတိုအထွာများကို ရွေးထုတ်သတင်းကားအဖြစ် စီစဉ်ကာ ရန်ကုန်မြို့လယ်သွင်ရုံ၊ အနောက်ပိုင်းကာဌေးရုံ၊ ကန်တော်ကြီးစောင်းရှိရန်ကုန်ရုပ်ရှင်ရုံနှင့် ကြည့်မြင်တိုင်ရွှေတိုင်သီရိရုံတို့တွင် တစ်ပြိုင်တည်းပြသခဲ့ရာ ပရိသတ်ကြိတ်ကြိတ်တိုးစည်ကားခဲ့၏။ ရရှိသော ငွေများကို အာဇာနည်ဗိမာန်တည်ဆောက်ရေး ရန်ပုံငွေအဖြစ် ထည့်ဝင်ခဲ့၏။

ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်ဦးဆောင်သော မြန်မာနိုင်ငံဂီတအဖွဲ့ချုပ်ကလည်း ရွှေပြည်အေး -ရန်နိုင်စိန်၊ တက္ကသိုလ်စိုး၊ သဟာယဆရာတင်၊ စိန်ဝေလျှံနှင့် ကက်နက်စိန်တို့ကို ဗိုလ်ချုပ်တို့အာဇာနည် ဗိမာန်ရန်ပုံငွေအတွက် ဂုဏ်ပြုတေးများ စပ်ဆိုစေ၍ သီချင်းစာရွက်များကို ရောင်းချခဲ့၏။

မှတ်မှတ်ရရ ကျွန်တော်သတိရနေမိသည်မှာ သဟာယဆရာတင် ရေးစပ်ခဲ့သော မေရှင်၏ ချစ်ရေစင် တေးသီချင်းအလိုက်ကို ပုံတူကူးယူပြီး အာဇာနည်သီချင်း ဖွဲ့သီထားခြင်းဖြစ်၏။ ထိုသီချင်းကို အာဇာနည်ဗိမာန်ရန်ပုံငွေအဖြစ် တယော၊ မယ်ဒလင်၊ ဂီတာ အစုံအလင်ဖြင့် မြင်းလှည်းနှင့် ကျွန်တော်တို့အိမ်ရှေ့လမ်းမပေါ် တီးမှုတ်သီဆိုအလှူခံလာသည်ကို အမှတ်ရမိနေသေး၏။ သီချင်းစာသားအကုန်အစင်ကိုမူ လုံးစေ့ပတ်စေ့မရ တော့-

"ဝါခေါင်လဆန်းဝယ် ၂ ရက်နေ့စနေမယ်
တစ်သက်မမေ့စေဖွယ် ကွယ်လွန်သူ ဗိုလ်ချုပ်ရယ်
ဒို့သခင်မြရယ်. . ဒို့ဆရာ ရာဇတ်ရယ် . .
ဦးဘဝင်းရယ်. . စဝ်စံထွန်းခေါ် စော်ဘွားရယ်. .
မျိုးချစ်တဲ့ ပုဂ္ဂိုလ်တွေ ဦးဘချို၊ မန်းဘခိုင်၊ ကံကြမ္မာ
ငြိုးလေတယ် ဦးအုန်းမောင်၊ ကိုထွေးဇာနည်ရယ်။ ။

ဗိုလ်ချုပ်တို့ကျဆုံးကြောင်း သိလျှင်သိချင်း "ဗမာပြည်ကြီးတော့ ရေစုန်မျောပါပြီ။ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေတဲ့ ပြည့်လက်ရုံးတွေ ဆုံးကုန်ပါပြီကော" ဟု မချိတင်ကဲ ဝမ်းနည်းပက်လက် ငိုကြွေးကြသူတွေက အနန္တ . . . .

ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသည့် ဒီမိုကရေစီ

☆ ဗိုလ်ချုပ်အောင်ဆန်း တို့ဖခင်
မြန်မာပြည်၏ ကျေးဇူးရှင်၊
သမိုင်းတွင်သည့် လွတ်လပ်ရေး
အသက်ပေးလို့ သူစတေး။

☆ ဒီမိုကရေစီရေး မြော်တွေးရည်
လွတ်လပ်သည့်ခါ ကျင့်သုံးမည်၊
မလွတ်လပ်မီ သူကျဆုံး
ပြည်သူလူထု ကြိမ်မီးအုံး။

☆ ယူကျုံးမရ တို့တစ်တွေ
လွမ်းတမိတိုင်း မျက်ရည်ဝေ၊
စည်းကမ်းရှိသေ အလုပ်ကြိုးစား
သံမှိုနှက်သည့် သူ့စကား။

☆ မျှော်မှန်းထားသည့် ဒီမိုကရေစီ
ရောင်ခြည်လင်းလက်ပြီ၊
ပြင်ဆင်ပွဲထုတ် ပြည့်ရှေ့မှောက်
ဗိုလ်ချုပ်မျက်နှာထောက်။
ပြည်သူက တင်မြှောက်။ ။

မောင်ကျေးရှူး

✱ ပြည်သူ့လွှတ်တော်မှ

ယင်းမြေနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိပြီး အများပြည်သူများအတွက် ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အဆင့်မြင့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် ကန်ပေါင်နှင့် ရေမြောင်းအကြား ကန်ပေါင်အောက်ခြေတစ်လျှောက် မြေကြီး(၃)ပေ ဒုဖို့ခြင်း၊ ကန်ပေါင်အောက်ခြေ၌ ကွန်ကရစ်လူလျှောက်လမ်း အသစ်တိုးချဲ့ဖောက်လုပ်ခြင်း၊ ကန်ပေါင်ပေါ်ရှိ လူလျှောက်လမ်းအား ကတ္တရာခင်းခြင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အလှပန်းကွက်များပြုပြင်စိုက်ပျိုးခြင်း၊ ကျောက်တုံး ဥယျာဉ်ငယ်တစ်ခု တည်ဆောက်ပြီး ပန်းအလှပင်များနှင့် အရိပ်ရပင်များ တိုးချဲ့စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လက်ရှိအစိုးရလက်ထက်တွင် ကိုယ်ကာယကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်တည်ဆောက်ပေးခြင်း၊ လုံခြုံရေးမီးတိုင်နှင့် ခေတ်မီအလှမီးတိုင်များ စိုက်ထူတပ်ဆင်ခြင်း၊ အလှပန်းကွက်များ ပြုပြင်ခြင်း၊ ကန်ပေါင်အပေါ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ နားနေထိုင်ခုံများ ပြုပြင်ခြင်း၊ အမှိုက်စွန့်ပစ်ရန် အမှိုက်စင်၊ အမှိုက်ပုံးများချထားခြင်း စသည့်လုပ်ငန်းများကို ဖြည့်တင်းဆောင်ရွက်ပေးခဲ့ပြီး ယခင်မြေရာ ရှုခင်းနေရာအဆင့်မှ အင်းလျားကန်ပေါင်(ပြည်လမ်း) ပန်းခြံအဆင့်သို့ တိုးမြှင့်ရန် သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

အင်းလျားကန်ပေါင်ပန်းခြံနေရာတွင် အရံအတားအဖြစ် သံပန်းခြံစည်းရိုးအလှခတ်မည်ဆိုပါက လက်ရှိ မြေယာရှုခင်း မြင်ကွင်းအလှအပများကို ပေါ်လွင်အောင် ရှုမြင်ခံစားမှုမရှိနိုင်တော့ခြင်း၊ အတားအဆီးတစ်ခုသဖွယ်ဖြစ်ကာ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ခြင်းနှင့် အန္တရာယ်တစ်စုံတစ်ခုဖြစ်ပါက အတားအဆီးသဖွယ်ဖြစ်စေနိုင်ခြင်း၊ နိုင်ငံတကာတွင်လည်း ယခုကဲ့သို့ နေရာများအလိုက် သဘာဝအလှအပများကို ဖုံးလွှမ်းစိုးမိုးစေမည့် ရုပ်ဝတ္ထုပစ္စည်းများကို အနည်းဆုံးလိုအပ်ချက်သာ တည်ဆောက်ပေးထားသည်ကို လေ့လာတွေ့ရှိရပါသဖြင့် ကန်ပေါင်အတွင်းသို့ သတ်မှတ်ဝင်ပေါက်များမှ ဝင်ရောက်ခွင့်ပြုမည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယမေးခွန်းဖြစ်သည့် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **သဃ်န်းကျွန်းစံပြဈေးကြီးတွင် ဈေးသည်များ စည်းကမ်းတကျဖြစ်စေရေး မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဈေးနှင့်ကပ်လျက်ရှိ အရှေ့ဘက် သံသုမာလမ်း၊ တောင်ဘက်လေးထောင့်ကန်လမ်း၊ အနောက်ဘက် ဦးတင်ဦးလမ်းနှင့် မြောက်ဘက် ငမိုးရိပ်(၄)လမ်းတို့တွင် ပုံကျဈေးသည်များ စည်းကမ်းမဲ့ ဈေးရောင်းချလျက်ရှိပါကြောင်း၊ ၁၉၉၉ ခုနှစ်ခန့်က စတင်ရောင်းချခဲ့ရာမှ တစ်စတစ်စများပြားလာခဲ့ပြီး ယနေ့အချိန်တွင် ပုံကျဈေးသည် (၈၀၀) ဦးခန့်ရှိရာ အခြားမြို့နယ်များရှိ ပုံကျဈေးသည်များကဲ့သို့ ညနေ(၃)နာရီနောက်ပိုင်းမှ ည(၈)နာရီအထိ ဈေးရောင်းချခွင့်ပြုထားပါကြောင်း၊ ယင်းဈေးသည်များသည် လမ်းမများ၊ ပလက်ဖောင်းများပေါ်တွင် စည်းကမ်းမဲ့ရောင်းချခြင်း၊ သတ်မှတ်ချိန်မတိုင်မီ ခင်းကျင်းရောင်းချခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စည်းကမ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းမများပေါ်တွင် ရောင်းချသည့် ပုံကျဈေးသည်များ ဦးရေတိုးတက်များပြားလာခြင်းကြောင့် ဈေးပြင်ပတွင်သာမက ဈေးအတွင်းရှိ ယာဉ်ရပ်နားနေရာတွင် ဝင်ရောက်ရောင်းချလာပါကြောင်း၊ ယင်းဈေးသည်များအား ဈေးအတွင်း တရားဝင်ရောင်းချခွင့်ပြုခြင်း၊ အခွန်အခကောက်ခံခြင်းမရှိသည့်

သမ္မတရုံးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးအောင်သိမ်း။

ကမာရွတ်မဲဆန္ဒနယ်မှ
ဒေါက်တာစိုးရင်။

အပြင် နေ့စဉ်ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးအတွင်းရှိ စည်းကမ်းမဲ့လာရောက်ရောင်းချသော ပုံကျဈေးသည်များနှင့် ဈေးပြင်ပလမ်းများပေါ်တွင် ဈေးသည်များကို ဈေးအနီး ပြည်ထောင်စုခုံးကျော်တံတားအောက်၌ ကော်မတီမှ ဈေးဆိုင်ခန်းများ ဆောက်လုပ်နေရာချထားပေးခဲ့သော်လည်း ဝင်ရောက်ရောင်းချခြင်းမပြုကြပါကြောင်း၊ ၎င်းပြင် အဆိုပါဆိုင်ခန်းများနှင့်ကပ်လျက် ကျွန်းတောစိုက်ခင်းဟောင်း(၁ ဒသမ ၁၆)ဧကရှိ နေရာတွင်လည်း ဝင်ရောက်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဈေးကြီးပတ်ဝန်းကျင်နှင့် ဈေးကြီးအတွင်း စည်းကမ်းမဲ့ရောင်းချနေသည့် ဈေးသည်များအား စနစ်တကျရောင်းချရန် စီစဉ်ပေးထားသည့်နေရာများတွင် ဝင်ရောက်ရောင်းချရေးအတွက် ဈေးများဌာန၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တတိယမေးခွန်းဖြစ်သည့် ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့စည်ပင်သာယာ အမှတ်(၂)ဈေးအတွင်းရှိ အာဇာနည်ကျောက်တိုင်အား သင့်တင့်သောနေရာသို့ ပြောင်းလဲပေးပါရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ပခုက္ကူခန်တောဈေးဟောင်းနေရာမှာ အမှတ်(၂)ဈေးသစ်ကို တည်ဆောက်ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း၊ အာဇာနည်ကျောက်တိုင်မှာ ဈေးဧရိယာအတွင်း ပါဝင်သွားခဲ့ပြီး အကျယ်အဝန်း (၅၅ ပေ × ၄၇ ပေ)မျှသာ ကျန်တော့ကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ အာဇာနည်နေ့ကျရောက်သည့် ဇူလိုင်လ(၁၉) ရက်နေ့အခမ်းအနားတွင် အာဇာနည်ကျောက်တိုင်မှာ ဈေးရောင်း ဈေးဝယ်များဖြင့် ရှုပ်ထွေးနေသဖြင့် ဂါရဝပြုသူများ အခက်အခဲဖြစ်ကြောင်းကို သိရှိရကြောင်း။

အာဇာနည်ကျောက်တိုင် ပြောင်းရွှေ့တည်ဆောက်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပါဝင်သောအဖွဲ့က အမှတ်(၁)ရပ်ကွက် ဗုဒ္ဓကုန်းရပ်ရှိ အမှတ်(၁)ရွှေချောင်းတံတားအနီးမှာ မြေကွက်လပ်(သုည ဒသမ ၁၈)ဧကကို ခွင့်ပြုပေးရန် မြို့နယ်၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့သို့ ၂၅-၄-၂၀၁၄ ရက်နေ့တွင် တင်ပြခဲ့ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဖြင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆိုပါမြေနေရာတွင် ရွှေချောင်းချောင်းဘေးတွင် ကပ်လျက်တည်ရှိခြင်း၊ ရွှေချောင်းတံတား၏ ကင်းလွတ်နယ်(၁၅၀)ပေယူပါက မြေနေရာမှာ အာဇာနည်ကျောက်တိုင် တည်ဆောက်ရန် သင့်တော်သော အကျယ်အဝန်းမကျန်ရှိခြင်း၊ အဝင်/အထွက်အတွက် လမ်းကျဉ်းတစ်ခုသာရှိခြင်းတို့ကြောင့် မသင့်လျော်ကြောင်းနှင့် အခြားသင့်လျော်သောမြေနေရာကို ပူးပေါင်းရှာဖွေကြရန်နှင့် မြေနေရာရရှိမှသာ အာဇာနည်ကျောက်တိုင်ရွှေ့ပြောင်းတည်ဆောက်ရေး တင်ပြဆောင်ရွက်သွားကြရန် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **"ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ ကချင်ပြည်နယ် လမ်းပိုင်းအား စံချိန်စံညွှန်းကိုက်ညီပြီး ရေရှည်ခိုင်ခံ့ကောင်းမွန်သော ကတ္တရာလမ်းအဖြစ် အမြန်ဆုံး တည်ဆောက်ပေးရေးနှင့် နိုင်ငံတော်၏ ဘတ်ဂျက်ခွဲဝေပေးမှုအတိုင်း လမ်းတည်ဆောက်ထားရှိမှု ရှိ/မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ထားရန် ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

❖ အမျိုးသားလွှတ်တော်မှ

အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တစ်ပြည်လုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုပြုခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား လိုက်လံတွေ့ဆုံ၍ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးများပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး KNU၊ RCSS၊ KNPP၊ NMSP အစရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် ၂၀၁၂ ခုနှစ် မေ ၃ရက်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော အဖွဲ့ဝင်(၁၁)ဦးပါ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

အဓိက ဆွေးနွေးဘက်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၆)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရရှိရန် ဆွေးနွေးညှိနှိုင်းခဲ့ပြီး လက်ရှိအနေအထားတွင် (၁၄)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်များ ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် (၂)ဖွဲ့အနက် KIO၊ KIA နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အခြေခံများပါသည့် သဘောတူညီချက်အဆင့်ဆင့်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်ရှိအနေအထားသည် တစ်နိုင်ငံလုံး လွှမ်းခြုံမှုအနေဖြင့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်သည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အလွတ်သဘောအကြိမ်(၂၅၀)ခန့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တရားဝင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲအကြိမ်ပေါင်း (၅၀)ကျော် ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် သဘောတူညီချက်ရေးထိုးနိုင်ရေး အသေးစိတ်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်း၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါတွင် သဘောတူညီချက် Single Text ဒုတိယမူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

လက်ရှိရရှိထားသော ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များ၏ အောင်မြင်ဖြစ်ထွန်းမှုအဆင့်ဆင့်သည် ဆွေးနွေးဘက်များဖြစ်သည့် အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ စိတ်ရင်းစေတနာမှန်ကန်မှုနှင့် ကာလရှည်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းပဋိပက္ခများကို မိမိတို့လက်ထက်တွင် ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာမည်ဆိုသည့် နိုင်ငံရေးစေတနာမှန်ကန်မှုဖြင့် တည်ဆောက် ရရှိထားခြင်းဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး
ဒေါက်တာအောင်မြတ်ဦး။

တပ်မတော်သား ကိုယ်စားလှယ်
ဗိုလ်မှူးအောင်မြင့်ဟန်။

လက်ရှိအချိန်တွင် မိမိတို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရေးမှာ အလွန်အရေးကြီးပါကြောင်း၊ ထိုသဘောတူညီချက်အပေါ်တွင်အခြေခံ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များဖြစ်သည့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း၊ နှစ်ဖက်လိုက်နာရမည့် စည်းကမ်းများသတ်မှတ်ခြင်း၊ စောင့်ကြည့်ရေးစနစ်များ ထူထောင်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းများ ကာကွယ်တားဆီးရေးဆိုင်ရာ ကြိုတင်အသိပေးစနစ်များ ထူထောင်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်မှသာ စည်းစနစ်ကျသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံတော်ကချမှတ်ထားသည့် အခြေခံမှုများမှာ ဒို့တာဝန် အရေးသုံးပါးကို အခြေခံအဖြစ်ထားရှိ၍ ပြည်ထောင်စုမှ ခွဲထွက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာထိပါးမှုမရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခွင့်ရှိခြင်းနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတစ်ရပ်တည် ဆောက်သွားရန်ဖြစ်ပါကြောင်း၊ "လွတ်လပ်ရေးရရှိပြီးတဲ့ အချိန်မှစပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကွဲအပြဲများကို အခြေခံတဲ့ပဋိပက္ခများကြောင့် ခါးသီးတဲ့ အတွေ့အကြုံတွေ ကြုံတွေ့ခဲ့ရပါတယ်။ အခုအချိန်မှာ ယင်းအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်ကာလလည်းဖြစ်ပါတယ်"ဆိုသည့် နိုင်ငံတော်သမ္မတ၏ တိုက်တွန်းပြောကြားမှုကို အလေးအနက်ထားရှိစေလိုပါကြောင်း။

၂၀၁၆ ခုနှစ်တွင် မည်သည့် အစိုးရတက်တက် လက်ရှိချထားသည့် ငြိမ်းချမ်းရေးအုတ်မြစ်ကို အခြေပြုပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများ အထူးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်သော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

ယင်းအဆိုကို ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က တင်သွင်းခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန်၏ **"အသားစားနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က မည်သို့မည်ပုံလုပ်ဆောင်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက အသားစားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာပေးစည်းရုံး၍ မွေးမြူလိုသူ တိုးတက်လာရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ အသားစားမျိုးနွားသိုးနှစ်ကောင်ကို တင်သွင်းထားပြီး မျိုးမြှင့်တင်ရေးဌာနစိတ်တွင် မွေးမြူထားရှိပါကြောင်း၊ အဆိုပါမျိုးနွားသိုးများမှ မျိုးရည်ခဲချောင်း (၂၃၂၄၅) ချောင်း ထုတ်ယူ၍ တိုင်းဒေသကြီး/ပြည်နယ်များသို့ (၉၁၀၆) ချောင်းဖြန့်ဝေခဲ့ပြီး ဒေသနွားမျိုးများဖြင့်သားစပ်၍ မျိုးမြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖြန့်ဝေခဲ့သော မျိုးချောင်းများဖြင့် ဒေသမျိုးနွားမ (၂၁၂၄)ကောင်အား သားစပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံမှ အသားစားနွားမျိုး မျိုးရည်ခဲချောင်း (၁၀၀၀)ကို မှာယူတင်သွင်းထားပြီးဖြစ်ပါကြောင်း၊ လက်ရှိတွင် ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အသားစားနွားစပ်မျိုးအကောင် (၅၆၀)ကို မွေးမြူလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ် တောင်ခမ်းမွေးမြူရေးခြံနှင့် ခြေမြစ်ပင်မွေးမြူရေးခြံတို့တွင် အသားစားနွားအကောင် (၁၀၀)စီမွေးမြူ၍ သားစပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဟာရပြည့်ဝသော မြက်မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အသားစားနွားမွေးမြူလိုသူများကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးပေးရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **ယှဉ်ပြိုင်မှုဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးကြရာ ယင်းဆွေးနွေးချက်များနှင့်ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌ ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ယဉ်ကျေးမှုအနုပညာကောလိပ် (ညောင်ရွှေ)ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ထောင်ဖွင့်လှစ်ထားရှိပါကြောင်း၊ ထို့အပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တိုင်းရင်းသား ပြည်သူများ အနေဖြင့်လည်း မိမိတို့ဒေသများတွင် ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဘာသာရပ်များကို လွယ်လွယ်ကူကူ နီးနီးစပ်စပ်ကုန်ကျမှု သက်သာစွာဖြင့် တက်ရောက်သင်ကြားနိုင်ရေးအတွက် ယဉ်ကျေးမှုအနုပညာကောလိပ်များကို ညောင်ရွှေမြို့၊ ကလေးမြို့၊ မော်လမြိုင်မြို့တို့တွင် ဖွင့်လှစ်ရန် စီမံထားရှိပါကြောင်း၊ ပထမအဆင့်အနေဖြင့် ယဉ်ကျေးမှုအနုပညာကောလိပ်(ညောင်ရွှေ)ကို လာမည့်ပညာသင်နှစ်တွင် ဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယဉ်ကျေးမှုအနုပညာကောလိပ်(ညောင်ရွှေ) ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

ယင်းနောက် အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်က မြေနေရာရှာဖွေထားရှိမှု၊ အဆောက်အအုံများ ဆောက်လုပ်ရန်လျာထားမှု၊ သင်ကြားမည့်ဘာသာ လျာထားမှုတို့ကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူတို့က တင်ပြဆွေးနွေးကြသည်။

ယဉ်ကျေးမှုအနုပညာကောလိပ် (ညောင်ရွှေ)ကို (၂)နှစ်သင်ကောလိပ်အဖြစ် ဂီတ၊ သဘင်၊ ပန်းချီ ဘာသာရပ်များဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ညောင်ရွှေမြို့ ပတ်ဝန်းကျင်အနီးရှိ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ တိုင်းရင်းသားလူငယ်များ တက်ရောက်နိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်တက္ကသိုလ်တွင် လျှပ်စစ်မီး အချိန်ပြည့်ဖြည့်ဆည်းပေးထား

ထားဝယ် ဇူလိုင် ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဆရာ ဆရာမများ နေထိုင်သွားလာရေး အဆင်ပြေစိတ်ချမ်းသာမှ သင်ကြားရေးတွင် ပိုမို၍ထိထိရောက်ရောက် သင်ကြားကာ ပညာရေးမြှင့်တင်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ချက်နှင့်အညီ မြိတ်တက္ကသိုလ်နည်းတူ ထားဝယ်တက္ကသိုလ်တွင် ဆရာ ဆရာမများ လိုလားတောင့်တလျက်ရှိသော လျှပ်စစ်မီးအချိန်ပြည့်ရရှိရေးအတွက် ထားဝယ်တက္ကသိုလ်မှ စီစဉ်ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးဝင်းခန့်	ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ဦးထိန်လွင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် အိမ်မဲမြို့ အထက်တန်းကျောင်း ရွှေညီလာခန်းမ၌ကျင်းပသည့် ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ သင်ပြမှုထူးချွန်ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်က ပညာရေးဆိုင်ရာအချက်အလက်များ တင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများ၊ သင်ပြမှုထူးချွန်ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအားဆုများချီးမြှင့်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်သည် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အိမ်မဲမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကာ အိမ်မဲမြို့အခွန်လွတ်စျေးမြေနေရာသတ်မှတ်နိုင်ရန် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဦးတည်ချက်နှင့်အညီ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊ လာဘ်ပေး လာဘ်ယူကင်းရှင်းစေရေး၊ အရည်အသွေးမြင့်မားပြီး ကိုယ်ရည်ကိုယ်သွေးကောင်းစေရေးအတွက် ဝန်ထမ်းအချင်းချင်းယှဉ်ပြိုင်ခြင်းစနစ်ဖြင့် ထူးချွန်သူများ ရာထူးတိုးပေးခြင်း၊ အပြစ်ရှိသူများအားအရေးယူခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ အားကစားသမားရွေးချယ်ရရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ အဆက်မပြတ်ကျင်းပမှု၊ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားစေရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လေ့ကျင့်ရေးအစီအစဉ်ဖြင့် အားကစားသမားများ ကြံ့ခိုင်ဖွံ့ဖြိုးပြီး အရည်အချင်းတိုးတက်လာစေရေး၊ ဆေးဘက်ပညာဖြင့် အားကစားသမားများကြံ့ခိုင်မှု အထောက်အကူပြုစေရေး၊ နိုင်ငံတကာအဆင့်မီအားကစားကွင်း/ရုံ၊ ပြိုင်ပွဲကွင်း/ရုံ၊ လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာရရှိရေး၊ အားကစားနှင့် ပညာရေးပေါင်းစပ်မှု၊ ဘဏ္ဍာငွေရရှိရေးနှင့် e-Government လုပ်ငန်းများ ဆောင်ရွက်မှုများကို ဆွေးနွေးသွားရန် မှာကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများက ဝန်ကြီးဌာန မူဝါဒနှင့်အညီဝန်ထမ်းများ လုပ်ငန်းတာဝန်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရေး ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး၌ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခံခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများမှ အဆင့်(၁)မှ (၁၀)အတွင်းရရှိသူ ကျောင်းသား ကျောင်းသူ ၂၈ ဦးနှင့် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်သူ သုံးဦး စုစုပေါင်း ၃၁ ဦးတို့အား လည်းကောင်း၊ အောင်ချက်အကောင်းဆုံး အခြေခံပညာအထက်တန်းကျောင်းများဖြစ်သည့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း တို့မှ ကျောင်းအုပ်ကြီးများနှင့် အောင်ချက်အကောင်းဆုံး အခြေခံပညာ အထက်တန်းကျောင်းခွဲများဖြစ်သည့် သန်လျင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ (ဖားကူး)၊ ကွမ်းခြံကုန်းမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းခွဲ (ဝက်ကိုက်)နှင့် သုံးခွမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ (ပျဉ်းမကန်)တို့မှ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံးမြို့နယ်များဖြစ်သည့် လသာမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ဒဂုံ မြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၁၀၀၀၄၆ ဦးအနက် အောင်မြင်သူ ၃၅၁၆၂ ဦးရှိသဖြင့် အောင်ချက် ၃၅ ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်ပြီး ခြောက်ဘာသာဂုဏ်ထူး ၄၁၈ ဦး၊ ငါးဘာသာဂုဏ်ထူး ၇၀၁ ဦး၊ လေးဘာသာဂုဏ်ထူး ၁၂၈၅ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၂၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၅၈၈ ဦး၊ တစ်ဘာသာဂုဏ်ထူး ၃၉၁၁ ဦး အပါအဝင် စုစုပေါင်း ဂုဏ်ထူးရရှိသူ ၉၁၃၂ ဦး ပေါ်ထွန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Third Wave လုပ်ငန်းစဉ် စည်းဝေး

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုနှင့် e-Government လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၌ ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ e-Government နှင့် သက်ဆိုင်သော တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများက အဖွဲ့လိုက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တန်ဖိုးအများဆုံး အားကစားအသင်း ၅၀ စာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း ထိပ်ဆုံးမှ ရပ်တည်

စပိန်ဘောလုံးကလပ်အသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ဖောဘိစ်က နှစ်စဉ်ထုတ်ပြန်သော ကမ္ဘာ့တန်ဖိုးအများဆုံး အားကစားအသင်းများထဲတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် မေလအတွင်းက ချန်ပီယံလိဂ်ဖလားရယူဆွတ်ခူးနိုင်ခဲ့ပြီး ဖောဘိစ်၏ ခန့်မှန်းချက်အရ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။ ကမ္ဘာ့တန်ဖိုးအများဆုံး အားကစားအသင်း ၅၀ စာရင်းတွင် ဘောလုံးအသင်းသုံးသင်းမှာ ထိပ်ဆုံးမှ ရပ်တည်နေသည်။ အဆိုပါအသင်းသုံးသင်းမှာ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄ ဘီလီယံဖြင့် ပထမနေရာ၊ ဘာစီလိုနာအသင်းသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံဖြင့် ဒုတိယနေရာနှင့် မန်ယူအသင်းမှာမူ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၁ ဘီလီယံဖြင့် တတိယနေရာ စသည်ဖြင့် အသီးသီး ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ ဖောဘိစ်၏ ကမ္ဘာ့တန်ဖိုးအများဆုံးအားကစားအသင်းများကိုမူ စတော့ရှယ်ယာ၊ ကြွေးမြီနှင့် အားကစားကွင်းတို့၏ တန်ဖိုးအပေါ် အခြေခံကာ တွက်ချက်ခဲ့ခြင်းဖြစ်သည်။

MLB ဘေ့စ်ဘောအသင်းတစ်သင်းဖြစ်သည့် နယူးယောက်ရန်ကီးသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖြင့် စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိပြီး ပဉ္စမနေရာတွင်မူ NFL အမေရိကန်ဘောလုံးအသင်းဖြစ်သည့် ဒယ်လက်စ်ကောင်းဘွိုင်းစ်အသင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးဖြင့် ရပ်တည်နေသည်။ **(နိုင်လင်းကြည်)**

ဟံသာဝတီအသင်း ပထမတန်း အမှတ်ပေးချန်ပီယံဖြစ်

ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၇)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက Best United အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပွဲစဉ်မကုန်ဆုံးမီ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဟံသာဝတီ- လေးဂိုး

(ဘမ်ဘာ-သုံးဂိုး၊ သက်နောင်ထွေး)

Best United - တစ်ဂိုး **(ဇော်စိုး)**

ဟံသာဝတီအသင်းမှာ ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ရှုံးပွဲမရှိ စံချိန်ဖြင့် ရလဒ်ကောင်းများရယူနေသည့် ဟံသာဝတီအသင်းမှာ ယခုပွဲတွင်လည်း ဂိုးပြတ်အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ဘမ်ဘာက သုံးဂိုး၊ သက်နောင်ထွေးက တစ်ဂိုး သွင်းယူခဲ့ပြီး Best United အတွက် ချေပဂိုးကို ဇော်စိုးက သွင်းယူခဲ့သည်။ **(ရှိုင်းထက်ဇော်)**

ဟံသာဝတီနှင့် Best United တို့ ယှဉ်ပြိုင်နေစဉ်။

ပွင့်လင်းမြင်သာစွာရှိစေချင်

ယခုတစ်လော ခရီးသည်တင်လိုင်းကားများအသွင်တစ်မျိုးဖြင့် အမြင်ဆန်းကာ ပြည်သူကိုဗဟိုပြု၍ပြေးဆွဲပေးနေကြသည့်သတင်းများကို ကြားသိနေရသည်။ အောင်မင်္ဂလာအဝေးပြေးဂိတ်မှ ဆူးလေဂိတ် (ဘဏ်-၃ဂိတ်) အထိ အဲကွန်းလိုင်းသစ် ကားလေးများဖြင့် ပြေးဆွဲပေးနေကြောင်း၊ ပြေးဆွဲရာတွင် စတားရက်(စ်) (STAREX) ယာဉ်အစီး ၂၀ ဖြင့် တစ်စီးလျှင် ခရီးသည် ၁၂ ဦးသာတင်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငါးမိနစ်မှ ခုနစ်မိနစ်ခြား တစ်စီးစီထွက်ပေးနေသဖြင့် အောင်မင်္ဂလာအဝေးပြေးဂိတ်ကို သွားလိုသူများနှင့် အောင်မင်္ဂလာအဝေးပြေးဂိတ်မှ ရန်ကုန်မြို့တွင်း သွားလာလိုသည့် ခရီးသွားပြည်သူများအတွက် တစ်ခေါက်လျှင် ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ထိပေး၍ တက္ကစီမငှားနိုင်သူများအဖို့ အဆင်ပြေနေကြသဖြင့် ဝမ်းသာသလို ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ဟိုင်းလတ်နှင့် ဒိုင်နာများအစား အဲကွန်းမီနီဘတ်(စ်)ယာဉ်ငယ်လေးများဖြင့် ပြေးဆွဲပေးနေကြသဖြင့် ခရီးသည်များ၊ ရုံးတက်ရုံးဆင်းဝန်ထမ်းများ သွားလာရေး အဆင်ပြေနေကြသဖြင့် စာရေးသူလည်း ဝမ်းသာပီတိဖြစ်နေမိပါသည်။

သို့သော် တစ်နေ့ စာရေးသူနှင့် ဝန်ထမ်းတစ်ဦး ရုံးဆင်းချိန် လမ်း(၅၀)မှတ်တိုင်မှ ဆူးလေ (ဘားလမ်း)ဘက်သွားမည့် ကားစောင့်နေစဉ် (၃၃)လိုင်းအမှတ်တပ်ထားသည့် မီနီဘတ်(စ်)တစ်စီးထိုးရပ်လာပြီး ယာဉ်နောက်လိုက်ကလည်း "(၃၃)ကားကြီးအတိုင်း သွားမှာနော်၊ တက်ကြ၊ တက်ကြ"ဟု အော်ခေါ်နေသဖြင့် မိမိတို့လည်း အပြေးတက်စီးလိုက်ပါခဲ့ကြသည်။ ယာဉ်ပေါ်ရောက်တော့ ကားခ ၂၀၀ တောင်းပါသည်။ မိမိကလည်း ခါတိုင်းစီးနေကျ (၃၃)ကားကြီးအတိုင်းမို့ ပေးနေကျ ၅၀ မှတ်၍ စီးမိကြောင်း ပြောပြသော်လည်း အထူးကားမို့ ၂၀၀ တောင်းရသည့် အကြောင်းပြောနေသဖြင့် မပေးချင်ပေးချင်ပေးခဲ့ရသည်။ ၂၀၀ ကားခယူကြမည်ဆိုလျှင်လည်း ပြည်သူလူထုအမြင်ရှင်းအောင်၊ သံသယကင်းအောင် "အထူးကား" (သို့)ယာဉ်စီးခပုံသေ ၂၀၀ကျပ်ဟုစာရေး၍ ကပ်ထားပေးဖို့လိုမည်ထင်ပါသည်။ ထို့ပြင် "အထူးကား"များသည်လည်း "ရိုးရိုးကား" နှင့်ကွဲပြားခြားနားအောင် "ထူးခြားဖို့"လိုပါသည်။ အထူးကားများသည် ခရီးဝေးသွားသူများ၊ မဖြစ်မနေ အချိန်လု၍ သွားကြရသူများ၊ ဇိမ်ကျကျစီးချင်၍ သွားကြသူများအတွက် ငွေကျပ်၂၀၀ မှ ၃၀၀ ထိပေးစီးနေကြရသည်မှာ တန်သော်လည်း တစ်မှတ်တိုင်၊ နှစ်မှတ်တိုင်ခရီးတိုသွားနေသူများအတွက်တော့ ၂၀၀ မတောင်းသင့်ပေ။ ငွေကျပ် ၂၀၀ တောင်းမည်ဆိုကလည်း ၂၀၀ တန်ခရီးလိုက်ပါမည့်သူများကိုသာ ထိုင်ခုံအပြည့်တင်သင့်ပေသည်။ ဤသို့မဟုတ် အချို့အထူးကားများက ထိုင်ခုံအပြည့်၊ မတ်တတ်အပြည့်ဖြင့်တင်နေကြသဖြင့် ခရီးသည်များစိတ်ညစ်ကြရသည်။ "ထူးတော့ထူးပါတယ်" ၂၀၀ ပေးပြီးတိုးကြိတ်စီးနေရပါလားဆိုသည့် အထူးကားများတော့ မဖြစ်သင့်ပေ။

သို့ပါ၍ ရန်ကုန်မြို့တော်အတွင်းနှင့် မြို့ပြင်ပြေးဆွဲနေကြသော "အထူးကား" သို့မဟုတ် ပုံသေယာဉ်စီးခ ၂၀၀ ကားများအနေဖြင့် မိမိတို့လိုင်းအမည်နာမများနှင့်အညီ လိုက်လျောညီထွေဖြစ်အောင်၊ ပြည်သူလူထုအမြင်ရှင်းအောင် ထင်သာမြင်သာနေရာများတွင် "အထူးကား"(သို့မဟုတ်) "ယာဉ်စီးခ ပုံသေ ၂၀၀" စသည်ဖြင့် ရေးကပ်ထားကြမည်ဆိုလျှင် ပြည်သူများအတွက် "ပွင့်လင်းမြင်သာစွာ" ရှိမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါတော့သည်။

အေးသန်း

ခြေလျင်နှင့် တောင်တက်အသင်းဝင်များ မိုးရာသီခရီးကြမ်းထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းနာယက၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာပတိ သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆရာဦးမျိုးသန့်ဦးဆောင်၍ အဖွဲ့ဝင် ၁၉၂ ဦးပါဝင်သော မိုးရာသီခရီးကြမ်းအဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဝေပုလ္လ၊ ကေလာသနှင့် တိုက်ကုလားတောင်တန်းဒေသသို့ ခြေလျင်တောင်တက် ခရီးကြမ်းလေ့ကျင့်ထွက်ခွာခဲ့ကြသည်။

တောင်တက်အဖွဲ့**(ဝဲပုံ)**သည် ရောက်ရှိရာဒေသတောစဉ်တောင်တန်းများရှိ တောရကျောင်းများသို့ဝင်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်များဆက်ကပ်ခြင်း၊ သံဃာတော်နှင့် ယောဂီများအား ဆေးကုသပေးခြင်း၊ အပြန်ခရီးတွင် တောင်စွန်းကျေးရွာ ဓမ္မဝိဝေကကျောင်းတိုက် ပရဟိတဂေဟာသို့ဝင်ရောက်၍ ကျေးရွာ ပြည်သူလူထုအား အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ရန်ပုံငွေများလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း ဇူလိုင် ၁၂ ရက်က ရက်ကန်းသည်မနှင့် ဝင်းကကျေးရွာတို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းသုဝဏ္ဏဘူမိမြို့တော် သမိုင်းဝင်နေရာများသို့ လှည့်လည်လေ့လာ၍ သုတေသနဆိုင်ရာအချက်အလက်များကို လေ့လာခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

မြေပုံမြို့နယ်တွင် အထွက်တိုး မိုးစပါး GAP စနစ်စိုက်ပျိုးနည်း ပြသ

မြေပုံ ဇူလိုင် ၁၇

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြောက်ဦးခရိုင် မြေပုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ မိုးစပါးရာသီတွင် မြို့နယ်တွင်း ကျေးရွာများမှ တောင်သူများ သိပ္ပံနည်းကျစိုက်နည်း GAP စနစ်ဖြင့် စိုက်ပျိုးမှု၏အထွက်နှုန်းတိုးခြင်း အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက် မြေပုံမြို့ နယ် ခေါင်းဖြူကျေးရွာအုပ်စု ကွင်းအမှတ် ၃၈(က) ပုလဲသွယ်စံပြကွက် ၁၀ ဧက စိုက်ပျိုးရန်အတွက် ပျိုးထောင်ကွက်များကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ပုလဲသွယ်စပ်မျိုးစပါးပျိုးထောင်နည်း အဆင့်ဆင့် အသိပညာပေးခြင်းနှင့် မျိုးစေ့ချနည်း မှန်ကန်စွာဖြင့် ပျိုးထောင်ထားရှိသည့် ပုလဲသွယ်စပ်မျိုးစပါး ပျိုးထောင်ကွက် လက်တွေ့သရုပ်ပြသ ရှင်းလင်းခြင်းကို ခေါင်းဖြူကျေးရွာရှိ အဆိုပါပျိုးထောင်ကွက်၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်သန့်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မျိုးစေ့ချနှုန်း မှန်ကန်မှုကြောင့် ပျိုးသက် ၁၅ ရက်တွင် ပင်ပွားများစတင်ထွက်ရှိနေမှု၊ ရေသွင်းရေထုတ်အခြေအနေများ၊ ပျိုးခင်းပြုစုထားရှိပုံများ၊ GAP စနစ်စိုက်ပျိုးနည်းအဆင့်ဆင့်တို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောရာ တောင်သူများကလည်း သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

ဇူလိုင် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၁၉၆၆ တန်နှင့် ယာဉ်တစ်စီး၊ ကျောက်တံခါးမြို့နယ်၌ တရားမဝင်ကျွန်း၊ သစ်မာ ၁ ဒသမ ၀၅၅၆ တန်၊ ရေတာရှည်မြို့နယ်၌ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ် ၃ ဒသမ ၄၇၂၄တန်၊ ဇူလိုင် ၁၅ ရက်တွင် ပေါင်းတည်မြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၃၄၀ တန်၊ ဖြူးမြို့နယ်၌ တရားမဝင် အခြားသစ် သုည ဒသမ ၄၆၈၆ တန်၊ ကျောက်တံခါးမြို့နယ်၌ တရားမဝင်ကျွန်း၊ သစ်မာ သုည ဒသမ ၆၂၃၂ တန်၊ ဇူလိုင် ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ တရားမဝင် အခြားသစ် ၆ ဒသမ ၉၈၂၀ တန်တို့ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သူများသို့ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေး

မင်းဘူး ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက်အထိ ကျေးရွာပေါင်း ၄၄ ရွာ၊ အဖွဲ့ဝင် ၅၃၅၉ ဦးအား စပါး ၁၂၅၃၃ ဧက၊ နှမ်း ၁၇၉၅၄ ဧက၊ ပဲတီစိမ်းဧက ၃၉၀ စုစုပေါင်း ၃၀၈၇၇ ဧကအတွက် ချေးငွေကျပ် သိန်း ၁၆၂၀၁ ဒသမ ၈၀ ထုတ်ချေး ပေးခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ လယ်ယာစိုက်ပျိုးထွန်ယက်ချိန်အတွက် အချိန်မီထုတ်ချေးပေးသဖြင့် ငွေကြေးအခက်အခဲကို ပူပင်ကြောင့်ကြမှုမရှိရကြောင်းနှင့် ယခုနှစ် ဘဏ်အတိုးနှုန်းမှာ ငွေ ၁၀၀ ပေါ်တွင် ၄၂ ပြားသာပေးရမည်ဖြစ်၍ ဝမ်းသာပါကြောင်း ကုန်းသာကျေးရွာမှ ငွေထုတ်ချေးသူ တောင်သူဦးဆန်းဦးက ပြောကြားခဲ့ပြီး မြို့နယ်မန်နေဂျာက ကျန်ရှိသော ကျေးရွာအုပ်စုများအား ဆက်လက်ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ **သန်းဌေး(မင်းဘူး)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နယ်စပ်မှအဝင်များသော ငရုတ်ဈေးကျ၊ နယ်စပ်မှအဝင်လျော့သော ဂက်(စ်)ဈေးတက်

ရန်ကုန် ဇူလိုင် ၁၇

မြဝတီလမ်းကြောင်းမှ ဝင်ရောက်မှုများလာသော ခြောက်ပိဿာဝင်အိတ်လေးများဖြင့်ထည့်သွင်းလာသည့် ငရုတ်ရှည်များကြောင့် ပြည်တွင်းငရုတ်ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်ရာမှ ဈေးကျလာသော်လည်း အဝင်နည်းလာသော ဂက်(စ်)များမှာ အဆမတန် ဈေးတက်၍ ထုတ်ယူခွင့်စာအုပ်ရှိသူများ ဝင်ငွေပိုလာသော်လည်း ပြင်ပမှ ဝယ်ယူသူများ ငွေကြေးပိုမိုကုန်ကျလာသည်ဟု သိရသည်။

ပြည်တွင်းငရုတ်ဈေးကွက်၌ ဇူလိုင်လဆန်းတွင် ကျပ် ၂၆၀၀- ၂၆၅၀ ကျပ်ထိ မြစ်ဝကျွန်းပေါ်ငရုတ်ရှည်ဈေးနှုန်း မြင့်တက်လာကြောင်း၊ နယ်စပ်အဝင်များလာသဖြင့် ပြည်ပငရုတ်ရှည်တစ်ပိဿာ ကျပ် ၂၅၀၀-၂၅၅၀ ရှိပြီး မြစ်ဝကျွန်းပေါ်ထွက် ငရုတ်ဈေးနှုန်းမှာလည်း ကျပ် ၂၅၀၀-၂၅၅၀ နှုန်းသို့ ဈေးပြန်ကျလာသည်ဟု ငရုတ်ကုန်သည်များက ဆိုသည်။ ပြည်ပငရုတ်များ အဝင်များလာ၍ ပြည်တွင်းငရုတ်ရှည်ဈေးနှုန်းများ ဆက်လက်ဈေးမတက်နိုင်ဘဲရှိနေကြောင်း၊ ဩဂုတ်၊ စက်တင်ဘာလမှစ၍ မြန်မာပြည်အလယ်ပိုင်းဒေသများမှ ရွှေအပ်ငရုတ်ရှည်များ အသစ်ထွက်ပေါ်ပြီး ဒေသအလိုက် ငရုတ်ရှည်များ၊ မိုးထောင်ငရုတ်များ ထွက်လာမည်ဟု သိရသည်။

ပုံမှန်အားဖြင့် မီးဖိုချောင်သုံး သဘာဝဓာတ်ငွေ့ ဂက်(စ်)ဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၁၅၀၀နှုန်းသာရှိရာမှ နယ်စပ်မှတင်သွင်းရာတွင် အခက်အခဲရှိ အဝင်နည်း၍ ပြည်တွင်းဈေးကွက်တွင် ကျပ် ၇၀၀၀ ထိ ဈေးမြင့်တက်လာရာမှ ဇူလိုင်လတွင် ဈေးအနည်းငယ်ပြန်ကျလာရာ တစ်ပိဿာကျပ် ၅၀၀၀ ဝန်းကျင်ရှိသဖြင့် ပြင်ပမှ ဂက်(စ်)ဝယ်ယူ သုံးစွဲသူအိမ်ရှင်မများ ငွေကြေးပိုမိုကုန်ကျလာသည်ဟုဆိုသည်။

မီးဖိုချောင်သုံး သဘာဝဓာတ်ငွေ့ ဂက်(စ်)ထုတ်ယူခွင့်စာအုပ်ရှိသူများအနေဖြင့် ဈေးနှုန်းပုံမှန်ရှိချိန်တွင် အမြတ်ငွေ ကျပ် ၃၀၀၀ သာ ပြင်ပဈေးကွက်မှ ရရှိသဖြင့် လစဉ်ထုတ်ပေးသော ဓာတ်ငွေ့များ ကုန်အောင်မသုံးစွဲနိုင်သည့်သူများ တစ်လတစ်ကြိမ်မထုတ်ယူကြောင်း၊ ယခင်က တစ်လတစ်ကြိမ် ဂက်(စ်) ထုတ်ယူရာတွင် ငွေ ၁၅၈ ကျပ်သာကျသင့်ပြီး ဓာတ်ငွေ့ဈေးနှုန်းထုတ်ဈေးမြင့်ချိန်တွင် ကျပ် ၆၀၀၀ခန့်ကျသင့်ကြောင်း၊ ကျပ် ၆၀၀၀ ဖြင့် လအနည်းငယ်ထုတ်ယူပြီး ကျပ် ၁၅၀၀၀ နှုန်းကျသင့်လာကြောင်း၊ ဇွန်လတွင်မူ ၁၅ ကီလိုဂရမ်အတွက် ကျပ် ၉၀၀၀ ဖိုးထုတ်ပေးပြီး ဇူလိုင်လတွင် ၂၀ ကီလိုဂရမ်အတွက် ကျပ် ၁၂၀၀၀ ဖိုးထုတ်ယူရရှိသည်ဟု အိမ်ရှင်မတစ်ဦးက ဆိုသည်။

ဇွန်လအတွက် ကျပ် ၉၀၀၀ ဖိုးကိုထုတ်ပြီးနောက် မိသားစုဝင်နှစ်ဦးအတွက် သုံးစွဲပြီး ကျန်ရှိသော ဂက်(စ်) ၁၀ ကီလိုဂရမ်ကို ပြင်ပတွင် သွားရောင်းရာ တစ်ပိဿာလျှင် ကျပ်၂၅၀၀ နှုန်းရသဖြင့် မိသားစုနည်းလျှင် အခမဲ့ဂက်(စ်)သုံးစွဲခွင့်ရသည့်အပြင် အပိုဝင်ငွေရသည်မှာ နယ်စပ်မှအဝင်နည်း၍ ပြည်တွင်းဂက်(စ်)ဈေးနှုန်းတက်လာ၍ဖြစ်သည်ဟု ဂက်(စ်)ထုတ်ယူခွင့်ရရှိသူတစ်ဦးက ဆိုသည်။

(မောင်စေအောင်)

လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၉ ရက်တွင် ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(တောင်)၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါကြောင်း။

ဇူလိုင် ၂၀ ရက်တွင် ရွှေပေါက်ကံ၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဆိပ်ကမ်း၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ လသာ၊ ခရမ်း၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ တိုက်ကြီး၊ ထောက်ကြန့်၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်းသိရသည်။

(ကြေးမုံ)

ကရာတေးဒို ခါးစည်းအဆင့်သတ်မှတ်ရေး ရက်တိုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မဖွဲ့စည်းမီကပင် ကရာတေးဒိုကလပ်အသင်းများပေါ်ပေါက်နေခဲ့ပြီးကလပ်အသင်းများအကြား နည်းစနစ်ပိုင်းဆိုင်ရာ၌ ကွဲလွဲမှုများ၊ မတူသော အယူအဆများရှိခဲ့သည့်အလျောက် ကလပ်အသင်း တစ်ခုချင်း၏ ခါးစည်းအဆင့် သတ်မှတ်ပေးအပ်ခြင်းကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်အနေဖြင့် ဆက်လက်ခွင့်ပြုထားခဲ့လျက် နည်းစနစ်ပိုင်းနှင့် ပြိုင်ပွဲနည်းဥပဒေပိုင်းတို့တွင်သာ နိုင်ငံတကာစံနှုန်း၊ ပြဋ္ဌာန်းသတ်မှတ်ချက်များအတိုင်း လိုက်နာကျင့်သုံးလာစေရန် စည်းရုံးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ကမ္ဘာ့ကရာတေးဒိုအဖွဲ့ချုပ်က ကျင်းပသော ကရာတေးဒိုပြိုင်ပွဲများတွင် အသိအမှတ်ပြုခါးစည်း လက်မှတ်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အပြင် နည်းပြနှင့် ဒိုင်အဖြစ်ဆောင်ရွက်မည့်သူများသည်လည်း အသိအမှတ်ပြုခါးစည်းရရှိထားသူများသာ နည်းပြနှင့် ဒိုင်စာမေးပွဲဖြေဆိုခွင့်၊ တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ကြောင့် WKF ပြိုင်ပွဲနည်းဥပဒေစည်းမျဉ်းများနှင့်အညီ ကျင်းပသော အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာကရာတေးဒိုပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခြင်း၊ နည်းပြနှင့် ဒိုင်စာမေးပွဲများဖြေဆိုခြင်းနှင့် ပါဝင်တာဝန်ထမ်းဆောင်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အသိအမှတ်ပြု ခါးစည်းအဆင့်သတ်မှတ်ရေး ရက်တိုသင်တန်းကို ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဖုန်းနံပါတ် ၀၁-၃၇၉၉၃၉ နှင့် ၀၉-၅၀၇၆၁၀၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

နေအိမ်ပေါ်သို့တက်ပြီး ဓားဖြင့်ခုတ်၍သေဆုံး

နေပြည်တော် ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အလပ်လယ်အုပ်စု ညောင်နီကျေးရွာနေ ဒေါ်အေးပိုင်(၃၁)နှစ်သည် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိခင်ဖြစ်သူ ဒေါ်တိုးကြည်(၆၃)နှစ်၊ သမီး မမွန်မွန်အေး၊ မစုလဲ့မွန်တို့နှင့်အတူ နေအိမ်၌ အိပ်နေစဉ် အိမ်ချင်းကပ်လျက်နေ ဦးထွန်းရီ(၆၀)နှစ်မှ ယခင်ခဲပေါက်သည့်ကိစ္စနှင့် စကားများခဲ့သည်ကို မကျေနပ်သဖြင့် အရက်မူးပြီး အိမ်ပေါ်သို့တက်ကာ အရိုးအသွား (၂၅)လက်မခန့်၊ ဖြက်နှစ်လက်မခန့်ရှိ ဓားမဖြင့်ခုတ်ရာ ဒေါ်အေးပိုင်တွင် ယာလက်မောင်း နှစ်လက်မခန့် ပြတ်ရှဒဏ်ရာနှင့် ဓားဖြင့်မခုတ်ရန်ဝင်ရောက်တောင်းပန်သူ ဒေါ်တိုးကြည်၌ ဦးခေါင်းဝဲဘက်ချိုစောင်းမှ မျက်စိအထိ အလျား ခြောက်လက်မ၊ အနက်လေးလက်မခန့် ပြတ်ရှဒဏ်ရာများ ရရှိပြီး ဒေါ်တိုးကြည်မှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားသောကြောင့် ထွန်းရီအား ဘော်နယ်မြေရဲစခန်းက(ပ)၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂/၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
၁။	Copier	၂ လုံး
၂။	Computer/Printer	၈ စုံ
၃။	Projector	၁ စုံ
၄။	Scaner	၁ စုံ
၅။	All in one colour printer	၁ လုံး
၆။	Fax	၅ လုံး

တင်ဒါလျှောက်လွှာစတင်လက်ခံမည့်နေ့ရက် - ၁၇-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၇-၈-၂၀၁၄ ရက် ၉း၃၀ နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၇-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီ
တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်ဝင်း၊ ဒဂုံမြို့နယ်
အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် - ၂၁၇၅၃၉/၂၁၁၃၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော် ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) DVB-T2 Transmitter (USD) 10 Sets
[Transmitter များကို Rohde & Schwarz (Germany), Gates Air (Harris) (USA), NEC (Japan) Brand များဖြင့် တင်သွင်းနိုင်ပါသည်။]

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၉-၇-၂၀၁၄)ရက်မှ (၃၁-၇-၂၀၁၄)ရက်နေ့ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁-၈-၂၀၁၄)ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန် ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း- ၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

သွေးသည်အသက်

CNG TAXI ရောင်းမည်

၁။ တိုယိုတာ ကိုရိုလာ ဖင်ကောက်၊ 1.5၊ CNG 70 L၊ CC/----၊ ၁၉၈ သိန်း
၂။ တိုယိုတာ ကယ်ဒီးနား ပဲခြမ်း၊ 1.5၊ နောက်လေး CNG 70 L၊ CC/----၊ ၂၁၃ သိန်း

Ph: 01-561970, 09-5020380, 09-5311830

O.T.S(72) သူရတပ်ခွဲ၊ သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ O.T.S(72) သူရတပ်ခွဲ သင်တန်းဆင်းပွဲ (၂၈)နှစ်မြောက်အဖြစ် ကျဆုံး/ကွယ်လွန်ခဲ့သော သူငယ်ချင်းများအား ရည်စူး၍ ဆွမ်းကပ်အမျှဝေပေးခြင်း၊ မိသားစုညစာစားပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သောသား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းတို့ကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်ပါမည်။

	နေ့ရက်/အချိန်	နေရာ
နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း	၂၆-၇-၂၀၁၄(စနေနေ့) (၁၀း၀၀)နာရီ	- မဟာဝိဇိတာရုံသာသနာ့ဝန်ဆောင်ကျောင်းတိုက် - အောင်ဇမ္ဗူရပ်ကွက်(ပြန်ကပြေးကျေးရွာ) ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
မိသားစု ညစာစားပွဲ	၂၆-၇-၂၀၁၄(စနေနေ့) (၁၈း၃၀)နာရီ	- SKY PALACE Hotel & Cafe' Flight - ဟိုတယ်ဇုန်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
မိသားစုညစာစားပွဲ	၂၇-၇-၂၀၁၄ (တနင်္ဂနွေနေ့) (၁၈း၃၀)နာရီ	- M-3 Food Centre - ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ အခမ်းအနားများသို့ မိသားစုနှင့်အတူ (ကျဆုံး/ကွယ်လွန်သူများ၏ ဇနီးနှင့်သားသမီးများအပါအဝင်)တက်ရောက်ကြပါရန်နှင့် နေပြည်တော်တွင် စည်ပင်ဧည့်ရိပ်သာ၌ တည်းခိုနေထိုင်ရေး စီစဉ်ပေးမည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

ညွန့်ကြည် ဖုန်း-၀၉၄၉၂၃၇၆၃၆၊
ကျော်ကျော် ဖုန်း-၀၉ ၅၃၉၄၃၇၁၊
ရွှေဝင်း ဖုန်း-၀၉၄၉၂၀၇၇၂၇၊
ထွန်းအောင်ကျော် ဖုန်း-၀၉-၂၀၅၉၇၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် Fiber Cable(၃၀၀၀)မီတာကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွယ်တန်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ ရက်မှ ၂၈-၇-၂၀၁၄ ရက်အထိ နေ့စဉ်(ရုံးချိန်အတွင်း) နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရိပ်လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် တစ်စောင်လျှင် ကျပ်(၅၀၀၀)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်-၃၂ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၁၉၉၊ ၀၆၇-၄၀၆၀၈၈





တိုင်းဒေသကြီးအတွင်းရှိ အမှန်တကယ်လိုအပ်သော ကျောင်းများသို့ စာသင်ခုံများ ဖြန့်ဝေပေးမည်

မန္တလေး ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများအတွက် စာသင်ခုံများပြုလုပ်နေပြီး ဇူလိုင်လကုန်တွင် မြို့နယ်များရှိ အမှန်တကယ်လိုအပ်သောကျောင်းများသို့ ဖြန့်ဝေပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄)မှ သိရသည်။

(၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ပရိဘောဂရန်ပုံငွေကျပ် ၇၇ ဒသမ ၉၇ သန်း ရရှိပြီးဖြစ်ကာ အဆိုပါရန်ပုံငွေဖြင့် ထက်၊ လယ်၊ မူ ပညာသင်ကျောင်းများအတွက် စာသင်ခုံများ ပြုလုပ်နေပြီး လိုအပ်သော ကျောင်းများသို့ ဖြန့်ဝေပေးမည်ဖြစ်သည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်း ငွေကျပ် ၆၄ ဒသမ ၅ သန်းကို စာသင်ခုံများ ပြုလုပ်ပြီး မြို့နယ်များရှိ ကျောင်းများသို့ ဦးစားပေးလိုအပ်ချက်အရ ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

တပ်ကုန်းမြို့နယ် ငွေစုငွေချေးနှစ်ပတ်လည်စည်းဝေး

တပ်ကုန်း ဇူလိုင် ၁၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေး ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၁၅ ရက်က ဈေးမမွှာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းမှ အသင်းသားများ ငွေကြေးစုဆောင်းတတ်လာစေရန်၊ ငွေကြေးများအား မှန်မှန်ကန်ကန်ရယူ၍ အသင်းသို့ မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ကြစေလိုကြောင်း၊ အသင်းဥပဒေ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်သော အသင်းသားများ၏ သားသမီးလေးဦးအား ဆုများချီးမြှင့်သည်။ ထို့နောက် စုဆောင်းငွေအပေါ် အကျိုးငွေ ငွေကျပ် ၂၇၃၅၉၀၀ အား အသင်းဥက္ကဋ္ဌမှ အသင်းကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၉၂)

ဆီကြိတ်လုပ်ငန်းဖြင့် မိသားစုဝင်ငွေရရှိ

ဆိပ်ဖြူ ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဝွေးပင်ချောင်းကျေးရွာအုပ်စု ဦးအောင်သူဝင်း နေအိမ်တွင် အသေးစားစက်မှု ဆုံဆီကြိတ်လုပ်ငန်းဖြင့် နေ့စဉ် မိသားစု ဝင်ငွေရရှိလျက်ရှိသည်။ ဆုံတစ်ဆုံလျှင် မြေပဲဆန် သန့်စင်ပြီး လေးပြည်တစ်ခွက် ထည့်ရပြီး ဆီထွက်နှုန်းမှာ တစ်ဆုံလျှင် တစ်ပိဿာခွဲခန့် ထွက်ရှိကြောင်း၊ တစ်နေ့လျှင် ဆုံ ၂၀ ခန့်မျှ ကြိတ်ရပြီး၊ နဝလီအငှားအပ်ပါက တစ်ဆုံလျှင် ငွေကျပ် ၁၀၀၀ ရရှိပြီး နေ့စဉ်ဝင်ငွေ နှစ်သောင်းကျပ် ရရှိကြောင်း၊ အငှားကြိတ်သူမရှိလျှင် မိမိ၏မြေပဲကြိတ်၍ ဆီရောင်းလျှင် တစ်ပိဿာ ကျပ် ၅၀၀၀ ဖြင့် ရောင်းချရကြောင်း သိရှိရပြီး ဆုံဆီဖြင့်ကြိတ်သော ဆီများကို လက်ဆောင်ပေးရန်အပြင် အိမ်သုံးချက်ပြုတ်ရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော ဆုံပဲဆီသန့်ကို လာရောက်၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

ဆိပ်ဖြူမြို့နယ်တွင် အော်ရီဒူးဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်

ဆိပ်ဖြူ ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဝွေးပင်ချောင်း ကျေးရွာအုပ်စုတွင် အော်ရီဒူးကုမ္ပဏီမှ ကျေးလက်နေ ပြည်သူများအတွက် ဆက်သွယ်ရေးကဏ္ဍများ အဆင်ပြေစေရန် တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်မှစတင်၍ ဝွေးပင်ချောင်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။ ဝွေးပင်ချောင်းကျေးရွာရှိ ဦးစိန်ပြုံး၏ အိမ်ဝိုင်းအတွင်း၌ ပေ ၅၀ ပတ်လည်ကို ၁၅ နှစ်စာ မြေငှားရမ်းခ စာချုပ်ချုပ်ဆိုခဲ့ပြီး တစ်လလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် တစ်နှစ်စာ ၂၄ သိန်းအား မြေငှားရမ်းခပေးထားကြောင်း သိရသည်။

စိုးလင်းနိုင် (iprd)

အနုပညာ

ထိပ်တန်းဂီတကြယ်ပွင့်များကိုစုစည်းကာ စင်ကာပူနိုင်ငံတွင် အကြီးကျယ်ဆုံးသော ဂီတဖျော်ဖြေပွဲကျင်းပရန် ဝိုင်ဂျီစီစဉ်

တောင်ကိုရီးယားနိုင်ငံ၏ အနုပညာအေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်မှ ကြီးမှူး၍ တောင်ကိုရီးယားနိုင်ငံမှ အထင်ကရဂီတကြယ်ပွင့်များဖြစ်ကြသည့် PSY, BIG BANG, 2NE1 စသည့် ဂီတအဖွဲ့များ ပါဝင်သည့် ဂီတဖျော်ဖြေပွဲတစ်ခုကို စင်ကာပူနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

YG FAMILY 2014 GALAXY TOUR: POWER IN SINGAPORE အမည်ရှိ အဆိုပါဂီတဖျော်ဖြေပွဲကို စက်တင်ဘာလလယ်ပိုင်းတွင် စင်ကာပူမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားရန် စီစဉ်ထားပြီး စင်ကာပူနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း အအောင်မြင်ဆုံးနှင့် အားကောင်းသည့် ကေပေါ့ပ်ဖျော်ဖြေပွဲတစ်ခုဖြစ်လာရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါကေပေါ့ပ်ဂီတဖျော်ဖြေပွဲလက်မှတ်များကို ယခုလ ၁၉ ရက်မှ စတင်ကာ ရောင်းချပေးမည်ဖြစ်ပြီး ဖျော်ဖြေပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို www.yg-galaxytour.com တွင်လည်း ဝင်ရောက်ကြည့်ရှု နိုင်ကြောင်းသိရသည်။

ယင်းဂီတဖျော်ဖြေပွဲတွင် အမေရိကန်ဘီဘုတ်လ်အထိ ထိုးဖောက်နိုင်ခဲ့သည့် PSY၊ တောင်ကိုရီးယားဂီတလောက၏ အအောင်မြင်ဆုံးအမျိုးသားနှင့် အမျိုးသမီး ဂီတအဖွဲ့များအဖြစ် ရပ်တည်လျက်ရှိသည့် BIG BANG နှင့် 2NE1၊ တရုတ်အနုပညာရှင်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားကာ ပရိသတ်အကြား

ရေပန်းစားလျက်ရှိသည့် EPIK HIGH၊ ဝိုင်ဂျီအင်န်တာတိန်းမန့်၏ စိတ်ဝင်စားအခံရဆုံးအမျိုးသားဂီတအဖွဲ့ WINNER တို့လည်း ပါဝင်ကြမည် ဖြစ်ကြောင်း သိရသည်။

တယ်လီနောတေးသွားပြိုင်ပွဲ ယှဉ်ပြိုင်သူ လေးထောင်ခန့်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ပြည်ပအခြေစိုက်တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီဖြစ်သည့် တယ်လီနောမြန်မာမှ စီစဉ်ကျင်းပသည့် တေးသွားငွေကြယ်ပွင့်သီချင်းရေးပြိုင်ပွဲကို ဇွန် ၂၅ ရက်မှစ၍ ကျင်းပခဲ့ရာ လက်ရှိအတိုင်းအတာအရ တစ်နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်သူပေါင်း လေးထောင်နီးပါးခန့်ရှိနေပြီဖြစ်ကြောင်း ဇူလိုင် ၁၆ ရက်တွင် ထုတ်ပြန်သည့် တယ်လီနောမြန်မာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဂီတဝါသနာရှင်အားလုံး ၎င်းတို့၏ စက္ကန့် ၂၀ မှ ၃၀ ရှိ ကိုယ်ပိုင်သံစဉ်တေးသွားကို လွယ်ကူစွာ အသံသွင်း ယှဉ်ပြိုင်နိုင်ရန် စတူဒီယိုငယ်လေးများကို ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်နှင့် ရန်ကုန်မြို့များတွင်ထားရှိကာ ဇူလိုင် ၂၅ ရက်အထိ အသံသွင်းကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အနိုင်ရရှိသူ၏ တေးသွားကို ringtone အနေဖြင့်လည်းကောင်း၊ ဖုန်းဆက်ရာတွင် အလိုအလျောက် ပြန်လည်ဖြေကြားမှုများတွင်လည်းကောင်း၊ Call Center ကို ခေါ်ဆိုရာတွင် ကြားရမည့်အသံတွင်လည်းကောင်း နိုင်ငံအနှံ့တွင် နားဆင်နိုင်မည့် တေးသွားတစ်ခုအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အနိုင်ရရှိသွားသော တေးသွားရေးသားသူအား ကျပ်သိန်း ၁၀၀၊ ဒုတိယနှင့် တတိယရရှိသူတို့အား ကျပ်သိန်း ၂၀ စီ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသောတေးသွားများကို တယ်လီနောမြန်မာ၏ ဝက်ဘ်ဆိုက်တွင် နားဆင်နိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက်မှ ၁၉ ရက်အတွင်းတွင် အများပြည်သူမှ မဲပေးသည့်စနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။

"ပါဝင်ယှဉ်ပြိုင်တဲ့သူက ဂီတပညာရှင်ဖြစ်စရာမလိုဘဲ လေချွန်တတ်ရုံ၊ တေးသွားကို ညည်းဆိုတတ်ရုံ ဒါမှမဟုတ် ကိုယ်ပိုင်သံစဉ်လေးတစ်ခုကို တူရိယာတစ်ခုခုနဲ့ တီးခတ်နိုင်ရင်ရပါပြီ။ ဒါဆိုရင် တယ်လီနောမြန်မာက သတ်မှတ်ထားတဲ့ သံစဉ်သွင်းတဲ့နေရာတွေကို လာပြီးအသံသွင်းဖို့ ဖိတ်ခေါ်ပါတယ်"ဟု အနုပညာရှင်ဒိုင်တစ်ဦးဖြစ်သော မိရာမိုရ်က ပြောကြားသည်။

တေးသွားငွေကြယ်ပွင့်ပြိုင်ပွဲဝင်ရန်နှင့် မဲပေးရန်ကိစ္စများ အသေးစိတ်သိလိုပါက တယ်လီနောမြန်မာ၏ Facebook စာမျက်နှာ www.facebook.com/TelenorMyanmar သို့မဟုတ် တယ်လီနောဝက်ဘ်ဆိုက် လိပ်စာ www.telenor.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ဒီမွန်)**

အမျိုးသမီးသူရဲကောင်းဖြင့် ဆက်လက်ကြည့်ရှုရမည့် Thor ဇာတ်ကားသစ်

Marvel Comics ၏ လက်ရာ Thor အမေရိကန်စူပါဟီးရိုးဇာတ်လမ်းတွဲများ၌ ဩစတြေးလျမင်းသား ခရစ္စဟမ်းစ်ဝေါ့တ်က အဓိကဇာတ်ဆောင် Thor အဖြစ် သရုပ်ဆောင်ထားခဲ့သော်လည်း ယခုဇာတ်ကားသစ်တွင် ၎င်းနေရာတွင် အမျိုးသမီးသရုပ်ဆောင်အဖြစ် အစားထိုးသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းသည် Marvel Comics ၏ ကြီးမားသည့် အပြောင်းအလဲဖြစ်သော်လည်း Thor ဇာတ်ရုပ်အတွက် အမျိုးသားသူရဲကောင်းထက် အမျိုးသမီးသူရဲကောင်းက ပိုမိုဆွဲဆောင်မှုရှိစေရန် ရည်ရွယ်ကာ သရုပ်ဆောင်ပြောင်းလဲစေခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် ရုပ်ရှင်လောကမှာ အံ့ဩစရာကောင်းလောက်အောင် ထူးခြားတဲ့ပြောင်းလဲမှုတွေ လုပ်ခဲ့တဲ့ ဇာတ်ကားသုံးကားအဖြစ် Captain America၊ Iron Man နဲ့ Thor ဇာတ်ကားလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်"ဟု နယူးယောက်အခြေစိုက် ရုပ်ရှင်ကုမ္ပဏီတစ်ခုက ဆိုသည်။

အမျိုးသမီးဇာတ်ဆောင် Thor အဖြစ် မြင်တွေ့ရမည့် Thor ဇာတ်ကားသစ်ကို အောက်တိုဘာလတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ဒီဇာတ်ကားဟာ She-Thor (သို့) Lady Thor မဟုတ်ပါဘူး၊ Thor ဇာတ်ကားသစ်သာ ဖြစ်ပါတယ်"ဟု ယင်းဇာတ်ကားသစ်ကို ဇာတ်ညွှန်းရေးသားမည့်စာရေးဆရာ ဂျေဆွန်အာရွန် က ပြောကြားသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၇-၂၀၁၄ (သောကြာနေ့)

၅း၀၀	ပဌာန်းပါဠိတော်၊ အာရှာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၈း၀၀	Cartoon Series (Go Go Giggles)
၈း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၁)
၁၂း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်"(အပိုင်း-၂၈)
၁း၀၀	"လူ့ဘဝရဲ့တန်ဖိုး"တရားတော် (ဆရာတော် အရှင်ကိတ္တိဗလ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရင်သွေး"(အပိုင်း-၂၄)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၅၂)
၈း၀၀	MRTV-4 သတင်း
၁း၃၀	Movie Talk [ရိုက်ကွင်းပေါ်ကရှင်ဘုရင်များ (အပိုင်း-၁၉) (တတိယပိုင်း)]
၂း၄၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၄၀	ပြင်ဦးလွင်သို့အလည်တစ်ခေါက်

Open Tender ခေါ်ယူခြင်း

ပြင်သစ်တိုက်စစ်မှူး အီမန်နျူရယ်ရီဗီရီအား နယူးကာဆယ်အသင်း စာချုပ်ခေါ်ယူ

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းမှ ပြင်သစ် တိုက်စစ်မှူး အီမန်နျူရယ်ရီဗီရီအား ကာလကြာရှည် စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၄)နှစ်အရွယ် တိုက်စစ်မှူး ရီဗီရီသည် ပြောင်းရွှေ့ကြေးပေါင် ၅ သန်းဖြင့် နယူးကာဆယ်အသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်များက ဖော်ပြထားပြီး နယူးကာဆယ်အသင်းသည် ကာဘယ်လာ၊ ပီရက်ဇ်၊ ဂျက်ကိုးလ်ဘက်နှင့် ဒီဂျောင်တို့အား ခေါ်ယူထားပြီးဖြစ်သောကြောင့် ယခုအပြောင်းအရွှေ့တွင် နယူးကာဆယ်အသင်း၏ ငါးဦးမြောက်ခေါ်ယူခဲ့သည့်ကစားသမားလည်းဖြစ်လာခဲ့သည်။

တိုက်စစ်မှူးရီဗီရီသည် ပြင်သစ် ယူ-၂၁ အသင်းနှင့်အတူ ၁၅ ပွဲအနိုင်ကစားပေးနိုင်ခဲ့ပြီး ကစားသမားဘဝ တစ်လျှောက် လိဂ်ပွဲ ၁၆၁ ပွဲပါဝင်ကစားပေးခဲ့ရာ၌ သွင်းဂိုး ၄၀ အထိ သွင်းယူပေးနိုင်ခဲ့သည်။ ရီဗီရီသည် မိုနာကိုအသင်းနှင့်အတူ ၂၀၁၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသော်လည်း လက်ရှိတွင် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

"ကျွန်တော့်အနေနဲ့ နယူးကာဆယ်အသင်းမှာ ကစားရမှာကို ပျော်ပါတယ်။ ဒါ့ကြောင့် နယူးကာဆယ်အသင်း ရဲ့ ကမ်းလှမ်းမှုကို ချက်ချင်းလက်ခံခဲ့တာပါ။ ဒါဟာ လွယ်ကူတဲ့ဆုံးဖြတ်ချက်ပါ။ ဘာလို့လဲဆိုရင် ပရီမီယာလိဂ်မှာ ကစားဖို့ အမြဲတမ်းဆန္ဒရှိခဲ့လို့ပါ။ နယူးကာဆယ်အသင်းအနေနဲ့လည်း ကျွန်တော့်အတွက် အခွင့်အလမ်းတွေ ပေးလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်"ဟု တိုက်စစ်မှူးရီဗီရီက ပြောကြားခဲ့သည်။ တိုက်စစ်မှူး ရီဗီရီသည် မိုနာကို အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ၃၆ ပွဲတွင် ၁၃ ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်သည်။

(ငွေကြယ်)

မန်ယူနည်းပြတာဝန် ဗန်ဟားလ်စတင်ထမ်းဆောင်

မန်ယူအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသော လူးဝစ်ဗန်ဟားလ်သည် ဇူလိုင် ၁၆ ရက်တွင် မန်ယူအသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့ပြီး မန်ယူအသင်းနည်းပြတာဝန်ကို စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း သိရသည်။

လူးဝစ်ဗန်ဟားလ်သည် မန်ယူအသင်း၏ နည်းပြအဖြစ် မေလကတည်းက ခန့်အပ်ခဲ့သော်လည်း ကမ္ဘာ့ဖလားတွင် တတိယနေရာ၌ ရပ်တည်ခဲ့သော နယ်သာလန်အသင်းကို နည်းပြအဖြစ် ကိုင်တွယ်နေရခြင်းကြောင့် ကမ္ဘာ့ဖလားရာသီ တစ်လျှောက်လုံး နယ်သာလန်အသင်းနှင့်အတူ ဘရာဇီး၌သာ ရှိနေခဲ့သည်။

လက်ရှိတွင်မူ ဗန်ဟားလ်သည် မန်ယူအသင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် မန်ယူအသင်း လက်ထောက်နည်းပြရိုင်ယန်ဂစ်၊ အမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝါ့ဒ်တို့နှင့် တွေ့ဆုံပြီးနောက် ဘရာဇီးမြေ၌ နယ်သာလန်အသင်းအား နည်းပြခဲ့သည့်အတိုင်း အိုးထရက်ဖို့ဒ်တွင် တာဝန်ထမ်းဆောင်စဉ်တွင် မန်ယူအသင်းကိုလည်း အကောင်းဆုံးကိုင်တွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗန်ဟားလ်သည် အိုးယက်စ်အသင်း၊ ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ အယ်ခ်မာယာအသင်း တို့နှင့်အတူ ဖလားများရယူဆွတ်ခူးနိုင်ခဲ့ပြီး ဇူလိုင် ၂၃ ရက်တွင် အယ်လ်အေဂလက်ဆီအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ရှိနေခြင်းကြောင့် ယင်းပွဲစဉ်တွင် ဗန်ဟားလ်၏ စွမ်းဆောင်နိုင်စွမ်းကို စတင်မြင်တွေ့ရတော့မည်ဖြစ်သည်။ **(ငွေကြယ်)**

ဘရူနိုင်းဘုရင့်ဖလား အုပ်စုမဲခွဲဝေမှုများ ထွက်ပေါ်

လာမည့်ဩဂုတ်လတွင် ဘရူနိုင်းနိုင်ငံ၌ကျင်းပမည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် အုပ်စုမဲခွဲဝေမှုများကို ဇူလိုင် ၁၂ ရက်က ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပခဲ့ရာ မြန်မာအသင်းမှာ အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ လာအို၊ တီမောအသင်းတို့နှင့်အတူ တစ်အုပ်စုတည်းကျရောက်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၉ ရက်မှစတင်ကာ ၂၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းမှာ ယူ-၁၉ အသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲကို ၂၀၀၂ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းမှာ လေးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ဒုတိယနှစ်ကြိမ်၊ တတိယ နှစ်ကြိမ် ရရှိထားခဲ့သည်။

(ရဲစွမ်း)

ဂျူဗင်တပ်စ်နည်းပြကွန်တီ အသင်းနှင့်လမ်းခွဲ

အီတလီစီးရီးအေထိပ်သီးကလပ် ဂျူဗင်တပ်စ်အသင်း၏ နည်းပြဖြစ်သူ ကွန်တီသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ အစောပိုင်းက အသင်းနှင့်လမ်းခွဲခဲ့ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်။ ကွန်တီသည် ဂျူဗင်တပ်စ်အသင်းကို အောင်မြင်မှုများစွာရယူပေးခဲ့သူဖြစ်ပြီး အသင်းနှင့်ဝေးကွာလျက်ရှိသည့် စီးရီးအေချန်ပီယံဆုကို သုံးနှစ်ဆက်တိုက် ရယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ် အသင်း၏ နည်းပြဖြစ်သူ ကွန်တီမှာ အသင်းနှင့်ရုတ်တရက်လမ်းခွဲခဲ့ခြင်းဖြစ်ပြီး ၎င်းမှာ အသင်းနှင့်စာချုပ်သက်တမ်းမကုန်ဆုံးသေးသလို ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဂျူဗင်တပ်စ်အသင်းတွင် အနည်းဆုံးတစ်ရာသီဆက်ရှိနေမည်ဟု ပြောကြားခဲ့သော်လည်း ယခုကဲ့သို့ အံ့အားသင့်ဖွယ် လမ်းခွဲသွားခဲ့ခြင်းလည်းဖြစ်သည်။ ကွန်တီမှာ ဂျူဗင်တပ်စ် အသင်း၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် တရားဝင်ထုတ်ဖော်ပြောကြားသွားခဲ့ခြင်းဖြစ်ပြီး ယင်းသတင်းမှာ အသင်း၏ပရိသတ်များအတွက် တုန်လှုပ်အံ့ဩဖွယ်ဖြစ်ခဲ့ရသည်။ ကွန်တီ၏ ဂျူဗင်တပ်စ်အသင်းနှင့် လမ်းခွဲခဲ့ခြင်းအကြောင်းအရင်းများတွင် အသင်း၏ အဓိက ကစားသမားများဖြစ်ကြသည့် ပေါ့ဘာနှင့် ဗီဒယ်လ်တို့ကို ရောင်းချရန် စီစဉ်နေမှုများကို သဘောမကျခဲ့သလို ကစားသမားသစ်များခေါ်ယူရန်အတွက်လည်း ငွေကြေးအလုံအလောက်မပေးနိုင်သည့်အတွက် ယခုကဲ့သို့ရာထူးမှနုတ်ထွက်သွားခဲ့ခြင်းဖြစ်ကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် ကွန်တီမှာ လစ်လပ်လျက်ရှိနေသည့် အီတလီလက်ရွေးစင်အသင်း၏ နည်းပြရာထူးအတွက် ရေပန်းစားလာပြီး ၎င်းမှာလည်း အီတလီအသင်း၏ နည်းပြရာထူးကိုလက်ခံသွားဖွယ်ရှိကြောင်းသိရသည်။ **(ကိုရဲ)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေဥဒေါင်းရပ်ကွက်နေ ဦးခင်မောင်သန်း [၇/မညန (နိုင်)၀၆၃၁၆၃]၊ ဒေါ်အေး အေးသိန်း [၇/မညန(နိုင်)၀၃၅၁၅၃]တို့ ၏သား မောင်ထက်ဝေယံ[၇/မညန(နိုင်)၀၇၁၉၄၀]သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ထက်ဝေယံနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမျှ မိဘဆွေမျိုးများနှင့် မသက်ဆိုင်တော့ပါ။

ဦးခင်မောင်သန်း
ဒေါ်အေးအေးသိန်း

မီး သတိပြု

ဓာတ်ငွေ့လာရောက်ဖြည့်သောယာဉ် ထွက်ခွာရန်စက်နှိုးစဉ် ဝါယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၁၇

သာကေတမြို့နယ်အတွင်း ဇူလိုင် ၁၆ ရက် နံနက်အစောပိုင်းက ဓာတ်ငွေ့ လာရောက်ဖြည့်သော ယာဉ်မှ ထွက်ခွာရန်စက်နှိုးစဉ် ဝါယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၅ နာရီခွဲက သာကေတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် ဧရာဝဏ်လမ်းပေါ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်တွင် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၎င်းသဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ ဓာတ်ငွေ့လာရောက်ဖြည့်သော ယာဉ်အမှတ် ၆/... (၁၀၅ အနီ) ယာဉ်လိုင်းခရီးသည်တင် ဒိုင်နာယာဉ်သည် ဓာတ်ငွေ့ဖြည့်ပြီး မောင်းနှင်ရန် စက်နှိုးစဉ် ချောင်နေသည့် ဘက်ထရီခေါင်းမှ ဝါယာရှော့ဖြစ်ကာ ယာဉ်၏ ခေါင်းခန်းမီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ သာကေတမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး လာရောက် မီးငြိမ်းသတ်ခဲ့သဖြင့် သုံးမိနစ်အတြာတွင် မီးငြိမ်းသွားခဲ့ပြီး ယင်းကဲ့သို့ ပေါ့လျော့မှုကြောင့် မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွားစေသူ ယာဉ်မောင်း ခင်မောင်လွင်အား သာကေတနယ်မြေရဲစခန်းက (ပ)၃၉၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဝ)**

မန္တလေးမြို့ဖြစ်စဉ်နှင့်ပတ်သက်၍ ၄၂ ဦးအား ဖမ်းဆီးအရေးယူထား

မန္တလေး ဇူလိုင် ၁၇

မန္တလေးမြို့၌ ဇူလိုင် ၁ ရက်၊ ၂ ရက်နှင့် ၄ ရက်နေ့တို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စစ်ဆေးဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ဇူလိုင် ၁၆ ရက်အထိ စစ်ဆေးဖော်ထုတ်ချက်အရ လူသတ်မှုဖြင့် မသင်္ကာသူ ခြောက်ဦး၊ မီးရှို့ဖျက်ဆီးမှုဖြင့် မသင်္ကာသူ ၁၂ ဦး၊ နာကျင်စေမှုဖြင့် မသင်္ကာသူ ရှစ်ဦး၊ ဆူပူလှုံ့ဆော်မှုဖြင့် ၁၁ ဦး၊ ရဲအက်ဥပဒေအရ တရားခံ သုံးဦး၊ လက်နက်မှုဖြင့် တရားခံ နှစ်ဦး စုစုပေါင်း ၄၂ ဦးအား ဖမ်းဆီးအရေးယူ၍ ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရပြီး ကျန်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လုံခြုံရေးအကာအရံ အတားအဆီးများ တပ်ဆင်ပြီးမှ အဆောက်အအုံများ ပြင်ဆင်မွမ်းမံရန် လိုအပ်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်အတွင်း မဟာဗန္ဓုလလမ်းမပေါ်ရှိ အဆောက်အအုံတစ်ခုကို ဝါးလုံးငြမ်းဆင်ပြင်ဆင်မွမ်းမံရာတွင် လုံခြုံရေးအကာအရံ အတားအဆီးများ ကာရံထားခြင်း မတွေ့ရသည့်အတွက် လမ်းသွားလမ်းလာနှင့် လမ်းဘေးရပ်၊ သွားလာသော ယာဉ်များ အန္တရာယ်နှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိသည်ဟု လမ်းသွား လမ်းလာများက ဆိုသည်။

ယခုနှစ် ၂၀၁၄ မိုးရာသီအစပိုင်းတွင် လေတိုက်ခတ်မှုကြောင့် လမ်းမတော်မြို့နယ်တွင် အထပ်မြင့်တိုက်အပေါ်ထပ်မှ ပြတင်းမှန်ပြုတ်ကျမှုကြောင့် လမ်းပေါ်ရှိ လူအချို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ တိုက်အပေါ်ထပ်မှ လွင့်စဉ်ကျလာသော အပိုင်းအစများသည် သေးငယ်သော်လည်း လမ်းပေါ်ရှိလူများနှင့် ယာဉ်များအား အန္တရာယ်ကြီးမားသည့်အတွက် မလိုလားအပ်သော စကားပြောဆိုဖြေရှင်းရမှုများ ရှိနိုင်သည်ဟု မြင်တွေ့ခဲ့ရသူတစ်ဦးက ဆိုသည်။

သဘာဝဘေးကြောင့် လမ်းပေါ်သွားလာနေသော လူများ၊ ယာဉ်များ ထိခိုက်သကဲ့သို့ အဆောက်အအုံများ ပြင်ဆင်မွမ်းမံရာတွင်လည်း လိုအပ်သော အကာအရံ အတားအဆီးများ ကာရံပြီးမှ ဆောင်ရွက်သင့်ကြောင်း၊ အကာအရံ အတားအဆီးများမရှိဘဲ ပြင်ဆင်မွမ်းမံခြင်းများကို ကြီးကြပ်တားဆီးပေးသင့်သည်ဟု မြို့နယ်တွင်းနေထိုင်သူတစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

အလိုမတူဘဲ သားမယားပြုကျင့်သူအား အမှုဖွင့်အရေးယူ

မိတ္ထီလာ ဇူလိုင် ၁၇

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ဇူလိုင် ၁၆ ရက်က အမျိုးသမီးတစ်ဦးအား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်သူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် ည ၈ နာရီခွဲခန့်က မ--- (၁၅)နှစ် ကံရွာကျေးရွာနေသူသည် ၎င်း၏ နေအိမ်မှ သုံးအိမ်ခန့်အကျော်ရှိ ဦးသန်းအောင်နေအိမ်သို့ စီဒီသီချင်းခွေ ငှားရမ်းရန် ထွက်လာခဲ့ရာ လမ်းတွင် တစ်ရွာတည်းနေ မဲတူး(ခ)မောင်ပုနှင့် တွေ့ဆုံခဲ့ရာ မဲတူးက မ....၏ ပါးစပ်အား လက်ဖြင့် ပိတ်ပြီး အော်လျှင် လည်ပင်းညှစ်သတ်ပစ်မည်ဟု ပြောဆို၍ အတင်းဆွဲခေါ်သွားကာ ရွာနှင့် လေးဖာလုံခန့်ဝေးသည့် တဲတစ်ခုအတွင်း ရောက်ရှိစဉ် မဲတူးက ၎င်းအား အလိုမတူဘဲ သားမယားပြုကျင့်ခဲ့သည်ဟု ဆိုသည်။ ဦးလေးတော်စပ်သူ ဦးစန်းဝင်းနှင့် ဦးသိန်းထိုက်တို့က မ---အား လိုက်လံရှာဖွေစဉ် ဇူလိုင် ၁၆ ရက် နံနက် ၁ နာရီခန့်တွင် ၎င်းမှာ ရေသောက်ရန် တဲအပြင်သို့ ထွက်ရှိခိုက် လိုက်လံရှာဖွေသည့် ဦးလေးများနှင့် တွေ့ဆုံစဉ် အကျိုးအကြောင်း ပြန်လည်ပြောပြ အကူအညီ တောင်းခံသဖြင့် မလှိုင်မြို့မရဲစခန်းသို့ မဲတူး(ခ) မောင်ပုအား အရေးယူဆောင်ရွက်ပေးရန် အမှုဖွင့်တိုင်ကြားခြင်းဖြစ်သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ မဲတူး(ခ) မောင်ပုအား ၁၀၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဘုန်း)**

အုန်းပင်ခုတ်လှဲသူ အုန်းပင်အဖျားပိုင်းလူပေါ်ပြုတ်ကျသဖြင့် သေဆုံး

ဝါးခယ်မ ဇူလိုင် ၁၇

ဝါးခယ်မမြို့နယ် မြသိန်းတန်ရပ်ကွက်၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်က အုန်းပင်ခုတ်လှဲသူမှာ အဖျားပိုင်း လူပေါ်ပြုတ်ကျသဖြင့် ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးသွားကြောင်း သိရသည်။ ဖြစ်ပွားပုံမှာ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က ဝါးခယ်မမြို့ မြသိန်းတန်ရပ်ကွက်နေ အုန်းပင်များကို အခကြေးငွေယူ၍ ခုတ်လှဲပေးသည့် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဦးလှသန်း (၆၁)နှစ်သည် ၎င်းနေထိုင်ရာ မြသိန်းတန်ရပ်ကွက်၌ အုန်းပင်တစ်ပင်ကို အခကြေးငွေယူ၍ ခုတ်လှဲပေးရာတွင် အုန်းပင်အဖျားပိုင်းကို ကြိုးချည်ခုတ်လှဲပြီး နောက်ဘက်သို့ ဆွဲချစဉ် ပိုင်းဖြတ်ထားသော အုန်းပိုင်းမှ ခုတ်လှဲသူ ဦးလှသန်းပေါ်သို့ ပြုတ်ကျရာ ဝဲရင်ဘတ်တွင် ထိခိုက်ဒဏ်ရာရရှိ၍ ဝါးခယ်မပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် မွန်းလွဲ ၂ နာရီတွင် သေဆုံးသွားခဲ့သည်။ အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ မွေ့တာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိရန် ညနေ ၇ နာရီ ၁၅ မိနစ်တွင် ဒုရဲမှူးဌေးအောင်၏ တိုင်တန်းချက်အရ ဝါးခယ်မ မြို့မရဲစခန်းက သေမှုသေခင်းအမှတ် (၆/၂၀၁၄) ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပုသိမ်(လှကြည်)**

တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ သဖြူဆိပ်ကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာနေ မောင်အောင်ကျော်ထက် ၁၄/ကလန(နိုင်)၁၂၆၉၈၁၏ဖခင် ဦးဆန်းဝင်း၁၄/ကလန(နိုင်)၀၆၀၄၄၁နှင့် ဦးစန်းဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးဆန်းဝင်း(ခ)ဦးစန်းဝင်း



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ ရတနာဖြိုးလက်ဖက်ရောင်းဝယ်ရေးဆိုင်မှနေသူ အဖ ဦးကျော်ဝင်းဆွေ[၅/မရန(နိုင်)၁၃၁၉၃၉]၊ အမိ ဒေါ်သန်းသန်းထိုက်[၅/မရန(နိုင်)၀၀၀၁၃၅]တို့၏သမီး မအိအိဖြိုး[၅/မရန(နိုင်)၂၅၅၇၉၄]သည် မိဘ၏စကားကို နားမထောင်ဘဲ မိမိဆန္ဒအလျောက် ၁၀-၇-၂၀၁၄ ရက်တွင် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

အဖ-ဦးကျော်ဝင်းဆွေ[၅/မရန(နိုင်)၁၃၁၉၃၉]
အမိ-ဒေါ်သန်းသန်းထိုက်[၅/မရန(နိုင်)၀၀၀၁၃၅]

အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးပါ စားသောက်ကုန်ပစ္စည်းများနှင့် သားငါးများ အလေးချိန်ခွင် သတ်မှတ်စည်းကမ်းများအတိုင်း ရောင်းချမှု ရှိ-မရှိ စစ်ဆေး

လင်းခေး၊ ဇူလိုင် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လင်းခေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက လင်းခေးမြို့ (မြို့မ) စည်ပင်သာယာဈေးအတွင်း အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အန္တရာယ်ရှိ ဓာတုပစ္စည်းများ ပါဝင်သော ခြင်ဆေးခွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အသားငါးများအား သတ်မှတ်စည်းကမ်းများအတိုင်း ရောင်းချနေခြင်းရှိ-မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဈေးသည်များအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဈေးအတွင်းရှိ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ပိုးသတ်ဆေးအမျိုးမျိုး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဈေးသည်များအား ဥပဒေနှင့်အညီ သတ်မှတ်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကိုသာ ရောင်းချသွားကြရန်နှင့် ဈေးစည်းကမ်းများအား စနစ်တကျ လိုက်နာဆောင်ရွက်သွားရေးတို့ကို ဆောင်ရွက်ခဲ့သည်။

မြို့မဈေးအတွင်း အသားငါးမျိုးစုံ ရောင်းချကြသူများအား သတ်မှတ်စည်းကမ်းများအတိုင်း အလေးချိန်ခွင်မှန်ကန်စွာဖြင့် ရောင်းချခြင်းရှိ-မရှိ သက်တမ်းလွန်ငါးပိ၊ ငါးခြောက်၊ ငရုတ်မှုန့်နှင့် အခြားစားသောက်ကုန်များ ရောင်းချနေခြင်းရှိ-မရှိ အခြေအနေကို တစ်ဆိုင်ချင်းအလိုက် လှည့်လည်ကြည့်ရှုစစ်ဆေး၍ဆိုင်ရှင်များနှင့် တွေ့ဆုံကာ အသိပညာပေးဆွေးနွေးသည်။

၎င်းအဖွဲ့သည် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အန္တရာယ်ရှိ ဓာတုပစ္စည်းများပါဝင်သော ခြင်ဆေးခွေများ ဖြန့်ဖြူးမှုပပျောက်စေရန် အဓိကရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

ပညာသင်ထောက်ပံ့ငွေပေး

ညောင်လေးပင် ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်အထက ကျောင်းသားဟောင်းများ ပညာသင်ထောက် ပံ့ရေးကော်မတီသို့ ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၆ ရက်က ကော်မတီနာယက ဒေါ်သန်းသန်းဝင်း (စိန်ဆေးလိပ်ရုံ) နေအိမ်တွင် ကျင်းပခဲ့ရာ အမေရိကန် ပြည်ထောင်စုဂျော်ဂျီယာပြည်နယ် အေသင်မြို့နေ ဦးမြင့်ခိုင်-ဒေါ်ယုယုလွင်၊ သမီးဆောင်းယုခိုင်၊ သားဇစ်တာကျင်ဖိုး မိသားစုတို့မှ လှူဒါန်းငွေ ကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ကော်မတီ ဥက္ကဋ္ဌ အငြိမ်းစား ဆရာကြီး ဦးကြည်သိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

ပိန်းဇလုပ်အထက ကျောင်းသားဟောင်းများ ပညာသင်ထောက်ပံ့ရေးငွေပဒေသာပင်ကော်မတီကို ၂၀၀၅ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ပိန်းဇလုပ်အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ထူးချွန်၍ တက္ကသိုလ် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများကို နှစ်စဉ်စိစစ်ထောက်ပံ့ခဲ့သည်။ ၂၀၀၅ ခုနှစ်မှ ယနေ့အထိ ကျောင်းသား ကျောင်းသူပေါင်း ၃၃ ဦးကို ငွေကျပ် ၆၆ သိန်းကျော် ထောက်ပံ့နိုင်ခဲ့ကြောင်းသိရသည်။

စောလင်းအောင်(ပိန်းဇလုပ်)

စိုက်ပျိုးရေးပညာရှင်များ တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

မလှိုင်၊ ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်တွင် နေပြည်တော်ရုံးချုပ်မှ စိုက်ပျိုးရေးပညာရှင် ဒေါက်တာဒေါ်စန်းစန်းရီ ဦးဆောင်သော စိုက်ပျိုးရေးပညာရှင် ခြောက်ဦးပါဝင်သောအဖွဲ့သည် ဒေသခံတောင်သူများအတွက် စိုက်ပျိုးနည်း တောင်သူပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ မိတ္ထီလာခရိုင် စိုက်ပျိုးရေးပညာရှင် ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးခင်ဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒေါက်တာဒေါ်စန်းစန်းရီက စိုက်ပျိုးရေးလုပ်ငန်းများကို Third Wave ကာလတွင် အရှိန်မြှင့်ဆောင်ရွက်ရန် ကျေးရွာအရောက်ကွင်းဆင်း၍ တောင်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရန် ဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးပညာရှင် ဒေါ်စိုးစိုးရီက မျိုးစေ့နှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး သီးနှံတိုင်း G.A.P စနစ်ဖြင့်စိုက်ပျိုးရန် ဆွေးနွေးခဲ့သည်။

ထို့နောက် ပိုးမွှားရောဂါဌာနစိတ်မှ ဒေါက်တာ ဒေါ်ခင်မာလာမြင့်က ပိုးသတ်ဆေးအန္တရာယ်အကြောင်းနှင့် ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲနည်း၊ စိုက်ပျိုးရေးပညာရှင် ဒေါ်မေမေခင်က မြေဆီလွှာရှိ အာဟာရဓာတ်နှင့် အပင်အာဟာရဓာတ်အကြောင်း ဒေါက်တာဒေါ်ခင်သန္တာဦးက အာရှဈေးကွက်ဝင် သစ်သီးဝလံ ထုတ်လုပ်မှု၊ စိုက်ပျိုးရေးပညာရှင် ဒေါ်သင်းသင်းမြင့်က ကြွက်အန္တရာယ် ကာကွယ်နှိမ်နင်းခြင်းနှင့် ပိုးသတ်ဆေးကို နောက်ဆုံးထားသုံးစွဲရန် ပညာပေးဆွေးနွေးခဲ့သည်။

တစ်ဆက်တည်း မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးခင်ဇော်က စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ ကျင့်သုံးနေမှုကို ပြန်လည်တင်ပြခဲ့ပြီး ဒေသခံတောင်သူများသိလိုသည်များကို ပညာရှင်များက ပြန်လည်ဖြေကြားခဲ့သည်။

အောင်ဌေး(မလှိုင်)

ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နွားများအား မေထုန်မဲ့နည်းဖြင့် အခမဲ့သားစပ်ပေး

ဒီပဲယင်း၊ ဇူလိုင် ၁၇

ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇူလိုင် ၁ ရက်မှစတင်ကာ နွားများ မေထုန်မဲ့နည်းဖြင့် သားစပ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ မေထုန်မဲ့နည်းဖြင့် သားစပ်ပေးခြင်းဖြင့် မွေးလာသောနွားများ အရည်အသွေးကောင်းမွန်ခြင်း၊ နို့ထွက်ကောင်းခြင်း၊ အသားထွက်နှုန်းကောင်းခြင်းနှင့် တောင်သူလယ်ယာလုပ်ငန်းတွင် ခိုင်းအားကောင်းခြင်း အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပြီး ဆင်းရဲမှုလျော့ကျကာ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်၍ အဓိကပင်မ စီးပွားရေးလုပ်ငန်းအဖြစ် မိသားစုဝင်ငွေတိုးပွားရရှိအောင် လုပ်ကိုင်လျက်ရှိကြသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် သက်ဆိုင်သည့် တာဝန်ရှိဌာနဆိုင်ရာ ဝန်ထမ်းများက နည်းပညာပေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဟောပြောဆောင်ရွက်ပေးခဲ့သည်။

အောင်လင်း(ပြန်/ဆက်)

ကျန်းမာရေးဦးစီးဌာန
အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ
ဆေးဝါး/ဆေးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများ အား ကုသပေးရန် လိုအပ်သောအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ (FDA) အသိ အမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၈-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၈-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

တင်ဒါရွေးချယ်ရေးကော်မတီ
အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ
ပုဗ္ဗသီရိမြို့ပတ်လမ်းနှင့် ဧကရာဇ်ပန်းလမ်းထောင့်
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၄၃၀၀၉၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၉၀၊ မြေကွက်အမှတ် ၁၀၉၃၊ အမည်ပေါက် ဦးမြင့်ရွှေ [၁၂/ဗဟန(နိုင်)၀၂၂၇၀၃]မှ မြေချပါမစ် ရုံးခွဲမှတ်ပုံတင်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ရုံးခွဲ မှတ်ပုံတင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့အိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Upper Keng Tawng) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.18/DHPI/Admixture/2014-2015

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
1.	Water-reducing Admixture	Drum	162

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၄-၈-၂၀၁၄ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀) ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီများ တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁) ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၃) အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊
၀၉-၄၂၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်- ၀၆၇-၄၁၃၅၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂၂/၄၂၆)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် ၀၂/၂၀၁၄-၂၀၁၅

၁။ ပြည်တွင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်မာသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်နေ့ရက် - ၃၀-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
(ခ) ရောင်းချမည့်အချိန် - မွန်းလွဲ ၁၃း၀၀ နာရီ
(ဂ) ရောင်းချမည့်အမျိုးအစားနှင့်တန် - သစ်မာသစ်လုံး (၂၅၃၁) လုံး (၂၄၂၂. ၄၂၀) တန်
(ဃ) ရောင်းချမည့်နေရာ - အမှတ်(၄၂၂/၄၂၆)၊ ဗိုလ်တထောင် ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးများ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သစ်တောဖက်စပ်၏ website ဖြစ်သော www.fpjvc.com တွင်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www. myanmatimber.com.mmတွင်လည်းကောင်း၊ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် -၀၉-၅၁၅၈၃၅၄၊ ၀၉-၄၃၂၀၂၅၄၄ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၇-၂၀၁၄ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၅)ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် အိတ်ဖွင့် တင်ဒါကြော်ငြာအမှတ်-၀၂/၂၀၁၄-၂၀၁၅ ကြော်ငြာတွင် (က) ရောင်းချမည့်နေ့ရက်-၃၀-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) (ခ)ရောင်းချမည့်အချိန်-မွန်းလွဲ(၁၃း၀၀)နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျန်းမာရေးဆောင်းပါး

အရေပြားပေါ်ရှိ အဖု အပိမ့် အကွက်များအတွက် သဘာဝအိမ်တွင်းကုထုံးလေးများ

à ayjufyjuf

သွေးယားတယ် သွေးဓာတ်မတဲ့ဘူး allergy ဖြစ်တယ်ဆိုတာကို ကြားဖူးနေပါလိမ့်မယ် သို့မဟုတ် သင်ကိုယ်တိုင်ကြုံဖူးကောင်း ကြုံဖူးပါလိမ့်မယ်။ အဲဒီလိုဖြစ်တဲ့အခါ အရေပြားပေါ်မှာ အဖု အပိမ့် အကွက်များထလာပြီး ယားယံခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ ပူလောင်ခြင်း၊ စူးရှခြင်း၊ ရံဖန်ရံခါ အရေပြားကွဲထွက်ခြင်း စသဖြင့် ခံစားရတတ်ပါတယ်။

အရေပြား allergy ဖြစ်ရတဲ့ အကြောင်းများမှာ- (၁) အစားအသောက် ဓာတ်မတည့်ခြင်း၊ (၂) ရာသီဥတု ရုတ်တရက်ပြောင်းလဲသွားခြင်း၊ (၃) အမွှေးနံ့ ဓာတ်မတည့်ခြင်း၊ (၄) အရေပြားဓာတ်မတည့်ခြင်း၊ (၅) ပဋိဇီဝဆေးဝါးဓာတ်မတည့်ခြင်း၊ (၆) အသည်းအဆိပ်တက်ခြင်း စသည်တို့ကြောင့် ဖြစ်လာနိုင်ပါတယ်။

ဖော်ပြပါ အကြောင်းအရာ ခြောက်မျိုးအနက် အမှတ်စဉ် (၁) (၂) (၃) (၄) တို့က မကြာမီအချိန်အတွင်း သူ့အလိုအလျောက် ဝေဒနာတွေ ပြေပျောက်သွားနိုင်သော်လည်း၊ အမှတ်စဉ် (၅) နှင့် (၆) တို့အတွက်ကတော့ အချိန်မီကုသမှုမခံယူဖြစ်ပါက နာတာရှည် အရေပြားဝေဒနာကို ခံစားရနိုင်တဲ့အပြင် အခန့်မသင့်ရင် အသက်ဆုံးရှုံးမှုပါ ဖြစ်လာနိုင်တာကြောင့် မပေါ့ဆသင့်ပါဘူး။

၁။ အစားအသောက်ဓာတ်မတည့်ခြင်း

အဖြစ်များတဲ့ မွေးရာပါရောဂါတစ်မျိုးဖြစ်ပြီး၊ မိခင်သို့မဟုတ် ဖခင်တို့ထံမှ မျိုးရိုးလိုက်တတ်ပါတယ်။ ဝေဒနာရှင် တစ်ဦးနှင့်တစ်ဦး ဓာတ်မတည့်သည့် အစားအစာအမျိုးအစားချင်း မတူညီကြပါဘူး။ ကြက်ဥ၊ နွားနို့၊ ပုစွန်၊ ပြည်ကြီးငါး(ကင်းပွန်)၊ ဂုံးကောင်၊ ရေဘဝဲ စသည့် ပင်လယ်စာအမျိုးမျိုး၊ ပဲပိစပ်၊ ဂျုံ၊ မြေထောက်ပဲ၊ ပိန်းဥ၊ သခွားသီး စသည်တို့က အဖြစ်များတဲ့ အစားအစာ ဓာတ်မတည့်ခြင်း တွေပါဘဲ။

၂။ ရာသီဥတု ရုတ်တရက်ပြောင်းလဲသွားခြင်း

အဖြစ်နည်းတဲ့ ဓာတ်မတည့်ခြင်းတစ်မျိုးပါ။ အေးနေရာမှ ချက်ချင်းဆိုသလို ရာသီဥတုပူလာခြင်း သို့မဟုတ် ပူရာမှ ချက်ချင်းအေးသွားခြင်း စသည်ဖြင့် အပူချိန်မမျှတသည့် အခါတွင်လည်းကောင်း၊ လေတအားထန်၍ ဖုန်မှုန့်များ သို့မဟုတ် လေအေးများက ခန္ဓာကိုယ်အရေပြားကို ပွတ်တိုက်ရိုက်မိတဲ့ အခါမှာလည်းကောင်း သွေးဓာတ်မတည့်ခြင်း ဖြစ်လာရပါတယ်။

> **အချိန်မီ ကုသမှုမခံယူဖြစ်ပါက နာတာရှည်အရေပြား ဝေဒနာကို ခံစားရနိုင်တဲ့အပြင် အခန့်မသင့်ရင်. . .**

၃။ အမွှေးနံ့ ဓာတ်မတည့်ခြင်း

သူကလည်း အမှတ်စဉ်(၁)ကဲ့သို့ အဖြစ်များတဲ့ မျိုးရိုးလိုက် ဓာတ်မတည့်ခြင်းပါဘဲ။ ပန်းဝတ်မှုန် သို့မဟုတ် ဓာတ်မတည့်သည့် ပန်းဝတ်မှုန်ရနံ့ကို အခြေခံ၍ ပြုပြင်ထုတ်လုပ်ထားတဲ့ ရေမွှေးတို့ကြောင့် ဝေဒနာခံစားရခြင်း ဖြစ်ပါတယ်။

၄။ အရေပြားဓာတ်မတည့်ခြင်း

ဆပ်ပြာ၊ လိုးရှင်းအလှကုန်များ၊ ရာဘာအမျိုးအစားဖြင့် ပြုလုပ်ထားတဲ့ အလှတန်ဆာပစ္စည်းများ၊ စီးကရက်မီးခိုးငွေ့၊ အရက်သေစာများ စသည်တို့ကြောင့် ဖြစ်တတ်ပြီး အဖြစ်များတဲ့ ရောဂါတစ်မျိုးလို့ ဆိုနိုင်ပါတယ်။

၅။ ပဋိဇီဝဆေးဝါးဓာတ်မတည့်ခြင်း

ဆေးသိပ္ပံနည်းအရ systemic allergy လို့ခေါ်ပါတယ်။ ပင်နီဆီလင်၊ ထုံဆေး၊ မေးခိုင် ကာကွယ်ဆေး၊ ဟော်မုန်းအားတိုးဆေး စသည့် ပဋိဇီဝဆေးဝါးများကြောင့် ဓာတ်မတည့်ခြင်းတစ်မျိုးပါ။ ထိုဆေးဝါးများဖြင့် မွေးရာပါ ဓာတ်မတည့်ခြင်းဆိုသော်လည်း မိဘမျိုးရိုးလိုက်တတ်သည့် ဓာတ်မတည့်မှုမျိုးတော့ မဟုတ်ပါဘူး။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ၎င်းပဋိဇီဝဆေးဝါးများ အသုံးပြုရန် ကြုံလာတဲ့အခါ မသုံးခင် မိမိနှင့်တည့်မှု ရှိ-မရှိ ဦးစွာ ဆေးပမာဏ အနည်းငယ်ဖြင့် စမ်းသပ်ခံပြီးမှသာ စိတ်ချလက်ချ အသုံးပြုသင့်ပါတယ်။

၆။ အသည်းအဆိပ်တက်ခြင်း

အချို့သူတွေမှာ ထူးထူးခြားခြား အသည်းအဆိပ်တက်လေ့ရှိပါတယ်။ ထိုသူများအဖို့ အသည်းသန့်စေရန်အတွက် ဆေးလိပ်နှင့် အရက်တို့ကို (အထူး) ရှောင်ရှားပေးဖို့ လိုအပ်ပါတယ်။

အရေပြားဓာတ်မတည့်ခြင်းအတွက် အိမ်တွင်းကုထုံးလေးများ

ဖော်ပြပါ လက္ခဏာခြောက်မျိုးမှ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အရေပြားဓာတ်မတည့်မှုနဲ့ ကြုံတွေ့လာရတဲ့အခါ အောက်ပါ ရိုးရှင်းလွယ်ကူတဲ့ အိမ်တွင်းကုထုံးလေးများဖြင့် ဘေးဥပါဒ်မရှိ သက်သာပျောက်ကင်းနိုင်ပါတယ်။

(၁) သဘာဝပျားရည်စစ်စစ် သောက်ပါ၊ လိမ်းကျံပါ သို့မဟုတ် ရှာလာကာရည်တစ်ဆကို သဘာဝပျားရည်စစ်စစ် သုံးဆရော၍ လိမ်းကျံပေးပါ။

(၂) နနွင်းမှုန့်သောက်ပါ၊ လိမ်းကျံပါ။

(၃) ကြိတ်မှန်ရွက်၊ မြင်းခွာရွက်၊ ကနဖော့ပင် စသဖြင့် အဆင်ပြေရာ တစ်ခုခုကိုပြုတ်၍ သောက်ပါ။ ထို့ပြင် ၎င်းအပင်ကို ရေစင်စင်ဆေးကာ ကြိတ်ယူ၍ ရလာသော သတ္တုရည်ဖြင့် လိမ်းကျံပါ။

(၄) မည်းပန်းပင်၏ အစေး သို့မဟုတ် andelion (ခေါ်) ခွေးသွားစိတ်အနားတန်း အရွက်များရှိ၍ အပွင့်ဝါပြီး အပွင့်ခေါင်းပွသော အလေ့ကျပေါက်ပန်း တစ်မျိုးတို့ကို လိမ်းကျံပါ။

(၅) သံလွင်ဆီ လိမ်းပါ သို့မဟုတ် ငါးကြီးဆီနှင့် ဗီတာမင်အီး အဆီတို့ကို ရော၍လိမ်းပါ။

(၆) လက်တစ်ဆုပ်စာ ပမာဏရှိသော ပင်စိမ်းရွက်ကို ရေစင်စင်ဆေး၍ ကျိတ်ချေပြီးနောက် သံလွင်ဆီ လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ ကြက်သွန်ဖြူ နှစ်တက်၊ ဆားအနည်းငယ်၊ ငရုတ်ကောင်းအနည်းငယ်တို့ဖြင့် ရော၍ အသားအရေပေါ် လိမ်းကျံပါ။

(၇) ကွေကာအုပ် အကြမ်းကို ပျော့ပျောင်းသွားအောင် ရေအေးစိမ်၍ ထိုအဖတ်များဖြင့် အရေပြားပေါ် ပွတ်လိမ်းပေးပါ။ (ရေခဲရေ မဟုတ်ပါ)

(၈) ဗာဒံပင်အရွက်အစို သို့မဟုတ် တမာရွက်အစိုကို ရေစင်စင်ဆေးပြီး ပြုတ်၍ရလာသော ပြုတ်ရေဖြင့် ရေချိုးပါ။

(၉) ဗီတာမင်စီဓာတ်များကလည်း ဓာတ်တိုးပစ္စည်းအဖြစ် အရေပြား allergy ကို ပျောက်ကင်းစေပါတယ်။ ဒါကြောင့် ဗီတာမင်စီဆေးပြား သို့မဟုတ် သံပုရာရည် သို့မဟုတ် ရှောက်ရည် သောက်သုံးရင်း ထိုအချဉ်သီးများကို ညှစ်ယူ၍ရလာသော အရည်ဖြင့် အရေပြားကို လိမ်းကျံပေးပါ။

(၁၀) လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ ပမာဏရှိသော ဘိန်းစေ့ကို ထောင်းထုကြိတ်ချေ၍ ၎င်းနှင့်ဆတူ ရေအေးနှင့် သံပုရာရည် တစ်ဇွန်းစီတို့ကို သမအောင်ရောစပ်၍ လိမ်းကျံပေးပါ။ (ရေခဲရေ မဟုတ်ပါ။)

အဘိဓမ္မာအခါတော်နေ့ ဝိသုဒ္ဓိမဂ်သင်တန်း နေပြည်တော်တွင်ဖွင့်လှစ်

နေပြည်တော်၊ ဇူလိုင် ၁၇

ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းကို အ. ထ. က(၅) နေပြည်တော်တွင် သင်ကြားလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ဓမ္မဗျူဟာသာသနမာမကအဖွဲ့သည် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ် နေပြည်တော်တွင် ဓမ္မဒါနသင်ကြားပို့ချလျက်ရှိကြောင်းနှင့် နှစ်စဉ် မေလ ပထမပတ်မှစ၍ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဓမ္မစာပေသင်တန်း ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) သို့ ကြည်း၊ ရေ၊ လေ မိသားစုမှ အလှူငွေ ၆၅ သိန်း၊ ရတနာပုံတယ်လီပို့အများပိုင်ကုမ္ပဏီမှ အလှူငွေ ၁၀ သိန်း၊ Red-Link Communications Co.Ltd မှ ငွေကျပ် ၁၀ သိန်း စုစုပေါင်း အလှူငွေ ၈၅ သိန်းလှူဒါန်းခြင်းကို သင်တန်းတည်ရာ အ. ထ. က (၅) နေပြည်တော်တွင် ဇူလိုင် ၁၃ ရက်က ကျင်းပခဲ့ကြောင်းနှင့်တက်ရောက်လိုသူများသည် ဖုန်း၀၉၄၉၂၂၁၆၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဆိုင်ရာ ဟောပြောပွဲ တောင်ငူတက္ကသိုလ်တွင် ပြုလုပ်

တောင်ငူ၊ ဇူလိုင် ၁၇

တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသည့်အခါ အလုပ်အကိုင်အခွင့်အလမ်းများကို မိမိတို့နှစ်သက်ရာ ရွေးချယ်ခွင့် ရရှိနိုင်ရန် အခွင့်အလမ်းများနှင့်ပါတ်သက်၍ ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က တောင်ငူ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသည့်အခါ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလုပ်အကိုင်ရရှိရန်မှာ အဓိကမျှော်မှန်း ချက်ထားရှိသည့် အလျှောက် အမှန်တကယ် အလုပ်အကိုင်အခွင့်အလမ်းများကို မိမိတို့နှင့်ကိုက်ညီသည့် လုပ်ငန်းခွင်ကို ရွေးချယ်တတ်စေရန် UMG Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ရှင်းလင်းဟောပြောခဲ့ရာ တောင်ငူတက္ကသိုလ်မှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ခန့် တက်ရောက်ခဲ့သည်။ **ကိုလွင်(ဆွာ)**



ပန်းစကား

မုဒိတာ ၁၊ ၂ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှားလိုပါသည်။ ကြွေပြားခင်းခြင်း၊ မီးဖိုခုံပြုလုပ်ခြင်း၊ သံပန်းတပ်ဆင်ခြင်းများအား တာဝန်ယူဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉-၃၀၀၂၆၀၉၉၊ ၀၉-၃၃၁၇၆၁၆၉၊ ၀၉-၂၅၀၄၄၈၃၃၉





စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့ အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်အတွက် ၂၄-၄-၂၀၁၄ရက်တွင် ပထမအကြိမ်၊ ၁၅-၅-၂၀၁၄ရက်တွင် ဒုတိယအကြိမ်၊ ၂၇-၅-၂၀၁၄ရက်တွင် တတိယအကြိမ်၊ ၁၇-၆-၂၀၁၄ရက်တွင် စတုတ္ထအကြိမ်နှင့် ၇-၇-၂၀၁၄ရက်တွင် ပဥ္စမအကြိမ် လေလံတင်ရောင်းချခဲ့ပါသည်။

၂။ သို့ရာတွင် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်အတွက် ရောင်းချရန်ကျန်ရှိသည့် အောက်ဖော်ပြပါ ဂရန်အင်း (၃၃)အင်းကို ယှဉ်တွဲဖော်ပြပါ ကြမ်းခင်းဈေးများအတိုင်း အိတ်ပိတ်တင်ဒါဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ အိတ်ပိတ်တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အင်းအမည်	ကြမ်းခင်းဈေး	မြို့နယ်
(က)	တာလောကြီးအင်း	၃၁၀၇၅၀၀. ၀၀	မြစ်ကြီးနားမြို့နယ်
(ခ)	ဘိုင်ဘင်အင်း	၃၉၆၀၀၀၀. ၀၀	မြစ်ကြီးနားမြို့နယ်
(ဂ)	အိုင်ဂင်းအင်း	၆၆၀၀၀. ၀၀	မြစ်ကြီးနားမြို့နယ်
(ဃ)	နောင်တာလောအရှေ့အင်း	၁၁၅၅၀၀၀. ၀၀	ဝိုင်းမော်မြို့နယ်
(င)	နောင်တာလောအနောက်အင်း	၃၃၀၀၀. ၀၀	ဝိုင်းမော်မြို့နယ်
(စ)	ဝိုင်းမော်အင်း	၃၂၀၀၀. ၀၀	ဝိုင်းမော်မြို့နယ်
(ဆ)	ဇီးကျွန်းအင်း	၂၇၀၀၀. ၀၀	ဝိုင်းမော်မြို့နယ်
(ဇ)	သံတံတားအထက်ပိုင်း	၅၈၇၆၀၀၀. ၀၀	မိုးကောင်းမြို့နယ်
(ဈ)	နမ္မတီးချောင်း	၃၉၃၀၀၀. ၀၀	မိုးကောင်းမြို့နယ်
(ည)	ကထန်ဇွပ်အင်း	၆၀၀၀. ၀၀	ဖားကန့်မြို့နယ်
(ဋ)	ဖက်နှော့အင်း	၄၈၀၀၀. ၀၀	ဖားကန့်မြို့နယ်
(ဌ)	ဂျေဘူဇွပ်အင်း	၂၄၀၀၀. ၀၀	ဖားကန့်မြို့နယ်
(ဍ)	ပဆာအင်း	၁၁၀၀၀. ၀၀	ဖားကန့်မြို့နယ်
(ဎ)	လပြီခအင်း	၁၃၄၀၀၀. ၀၀	ဖားကန့်မြို့နယ်
(ဏ)	စစ်မြေအင်း	၁၄၃၀၀၀၀. ၀၀	ဗန်းမော်မြို့နယ်
(တ)	လှဲဆိပ်လှဲချအင်း	၄၂၅၀၄. ၀၀	ဗန်းမော်မြို့နယ်
(ထ)	လက်ပန်တန်းအင်း	၂၄၀၉၀. ၀၀	ဗန်းမော်မြို့နယ်
(ဒ)	မဏိဩဂအင်း	၁၆၅၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(ဓ)	ဘူးကွဲအင်း	၇၇၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(န)	ပေါက်နက်ဖြူရအင်း	၁၁၀၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(ပ)	ကိုးလုံးကျအင်း	၄၉၅၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(ဖ)	ဇီးကုန်းအင်း	၁၃၇၅၀၀၀. ၀၀	ရွှေကူမြို့နယ်
(ဗ)	ကိုင်းရွာအင်း	၄၄၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(ဘ)	ကျောက်ဖြာအင်း	၉၃၅၀၀၀. ၀၀	ရွှေကူမြို့နယ်
(မ)	လုပ်တိုင်းပျဉ်ကာအင်း	၈၈၅၅၀၀၀. ၀၀	ရွှေကူမြို့နယ်
(ယ)	အင်းတော်လဟာကြီးအင်း	၅၅၀၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(ရ)	အင်းတော်အင်းဂေါင်းအင်း	၃၇၅၁၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(လ)	စစ်တောင်းအင်းတောင်း	၃၅၂၀၀၀. ၀၀	ရွှေကူမြို့နယ်
(ဝ)	နောင်ကုတ်နောင်အတ်အင်း	၅၆၁၀၀၀၀. ၀၀	ရွှေကူမြို့နယ်
(သ)	စစ်ကုန်းအင်း	၁၄၃၀၀၀. ၀၀	ရွှေကူမြို့နယ်
(ဟ)	လိပ်စင်းချောင်းရိုး	၉၃၅၀၀. ၀၀	ရွှေကူမြို့နယ်
(ဠ)	ကျွဲတစ်ရှဉ်းပေးအင်း	၂၃၅၄၀. ၀၀	ရွှေကူမြို့နယ်
(အ)	အင်းယားကြီးအင်း	၁၈၁၅၀၀၀၀. ၀၀	ရွှေကူမြို့နယ်

၃။ အိတ်ပိတ်တင်ဒါ တင်သွင်းခြင်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၊ ဆမားခန်းမ၌ပြုလုပ်သွားမည်ဖြစ်ပြီး ၂၅-၇-၂၀၁၄ရက်၊ နံနက် ၈း၀၀ နာရီမှ ၁၂း၀၀နာရီအထိ လာရောက်ထည့်သွင်းယှဉ်ပြိုင်သွားရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းနှင့် မွန်းလွဲ ၁နာရီတွင် တင်ဒါဖွင့်ဖောက်ပြီး တင်ဒါအောင်သူအမည်စာရင်းများကို ကြေညာပေးသွားမည်ဖြစ်ပါသည်။အ

၄။ အိတ်ပိတ်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဖုန်း ၀၇၄-၂၉၅၁၄၊ ၀၇၄-၂၂၈၀၃၊ ၀၉-၄၇၀၀၃၁၇၁တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ပိတ်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဗဟန်းမြို့နယ် ဝတ်ပါမူကြိုကျောင်းမှ မူကြိုကလေးငယ် ၁၅၀တို့ အား မြန်မာ့အလင်း ပုံနှိပ်တိုက်ဝင်းနေ ဦးရန်နိုင်လင်း-ဒေါ်လဲ့လဲ့ဝေလွင်ထွန်း တို့၏ သမီးလေး သွန်းဝသန်လင်းက ၎င်း၏ (၂) နှစ်ပြည့် မွေးနေ့တွင် အချိုရည်ဘူးများနှင့် မုန့်များ ပေးဝေလှူဒါန်းစဉ်။
ကောင်းနန္ဒာကျော်

ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် သက်တမ်းတိုးပေးခြင်းများ သံတွဲခရိုင်တွင် ဆောင်ရွက်

သံတွဲ၊ ဇူလိုင် ၁၇

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးလုပ်ငန်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေပြီး ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကာ ယာဉ်မောင်းလိုင်စင်များ အသစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်း၊ ယာဉ်များသက်တမ်းတိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် ဇူလိုင် ၁၀ ရက် မှ ၁၃ ရက်အထိ မော်တော်ယာဉ်သက် တမ်းတိုး ၅၈ စီး၊ နိဗ္ဗာန်ယာဉ်အသစ် မှတ်ပုံတင်ခြင်း ခုနစ်စီး၊ သုံးဘီးဆိုင်ကယ် သက်တမ်းတိုးခြင်းနှင့် နယ်ဝင်ယာဉ် ၈၆ စီး၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်း ၅၇၅ စီးနှင့် ယာဉ်မောင်းလိုင်စင်အတွက် ၉၆၂ ဦးကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှုဦးစီးဌာန ရခိုင်ပြည်နယ်ရုံး ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

သံတွဲမြို့ မ . ထ . သ ဝင်းအတွင်း ယာဉ်မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်များဆောင်ရွက်ပေးနေမှုကို သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကံဝင်းနှင့် အဖွဲ့ဝင်များက ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် သွားရောက်ကာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ခြင်းအား သံတွဲခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ညှိနှိုင်းပေးစဉ်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ရုံးအနေဖြင့် သံတွဲခရိုင် တောင်ကုတ်မြို့တွင် ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ မော်တော်ယာဉ်သက်တမ်းတိုး နယ်ဝင်ယာဉ် ၄၈ စီး၊ သုံးဘီးဆိုင်ကယ်သက်တမ်းတိုး ၅၁ စီး၊ ထော်လာဂျီသက်တမ်းတိုး ခြောက်စီး၊ မော်တော်ဆိုင်ကယ် သက်တမ်းတိုး ၁၀၄ စီးနှင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်ခြင်း ၂၅၀ ဦးအား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကာ သံတွဲမြို့နယ်နှင့် ဂွမြို့မှ ယာဉ်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်အသစ်များ ထုတ်ပေးခြင်းကို ဇူလိုင် ၁၈ ရက်အထိ သံတွဲမြို့တွင် ပြုလုပ်ပေးသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ

တောင်ငူ၊ ဇူလိုင် ၁၇

တောင်ငူတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ကြားရာတွင် ထူးချွန်နေရုံဖြင့် ရောင့်ရဲတင်းတိမ်မှုမရှိစေဘဲ အားကစားပညာရပ်တွင်လည်း ထူးချွန်ထက်မြက်စေရန် ရည်ရွယ်၍ ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်က တက္ကသိုလ် မိုးလုံလေလုံခန်းမ၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တောင်ငူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းတင့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ ၎င်းပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

နွားများဆွဲ၍ ချောင်းဖြတ်ကူးစဉ် ရေနစ်သေဆုံး

ကျောက်တံခါး၊ ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့မရဲစခန်းတွင် ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီက ဒုရဲအုပ် ကျော်ကျော်ခိုင် တာဝန်ကျတာဝန်မှူး ဆောင်ရွက်နေစဉ် ကျောက်တံခါးမြို့မရဲစခန်း အပိုင်ရဲစခန်း၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ တောင်ခင်ကျေးရွာအုပ်စု၊ ဘုရားငုတ်တိုကျေးရွာအနီး ကျီးချောင်းတွင် လူတစ်ဦးရေနစ်သေဆုံးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်မှ ရဲစခန်းသို့ လာရောက်သတင်းပေးချက်အရ စခန်းမှူး ဒုရဲမှူး သိန်းထိုက်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်လှမြင့်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများနှင့်အတူ သွားရောက်စုံစမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ်၊ တောင်ခင်ကျေးရွာအုပ်စု၊ ဘုရားငုတ်တိုကျေးရွာနေ ဦးစောမြင့်အောင်နှင့် တစ်ရွာတည်းနေ ဦးစောဝင်း အောင်တို့သည် ၎င်းတို့လယ်ထဲသို့ ပျိုးထုပ်များသယ်ဆောင်ရန်အတွက် နွားနှစ်ကောင်အားမောင်းနှင်လာရာ ကျီးချောင်းရောက်သောအခါ ချောင်းဖြတ်ကူးစဉ် ချောင်းရေစီးသန်မှုကြောင့် နွားအားဆွဲထားသော ကြိုးများလွတ်၍ ဦးစောမြင့်အောင်မှာ ရေစီးထဲမျောပါသွားခဲ့ကြောင်း သိရသည်။ ၎င်းအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ၎င်း၏မိသားစုများက လိုက်လံရှာဖွေရာ ဇူလိုင် ၁၄ ရက် နံနက် ၁ နာရီခန့်တွင် ကျီးချောင်းဘေးကမ်းစပ်၌ ၎င်းအလောင်းအား တွေ့ရှိရ၍ သေမှုသေခင်းအမှတ်စဉ် ၇/၂၀၁၄ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

မိတ္ထီလာတွင် စိုက်ပျိုးရေပေးမြောင်းများ ပြန်လည်တူးဖော်ပြုပြင်

မိတ္ထီလာ၊ ဇူလိုင် ၁၇

မိတ္ထီလာတွင် မကျီးချောက်၊ ကန်တိုင်ပေါက်၊ လျှော်ဖြူကန်၊ မကျီးစု၊ ရှမ်းတဲ စသည့်ကျေးရွာများသို့ စိုက်ပျိုးရေပေးဝေသည့် မြောင်းများအား ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်တူးဖော် ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာ မြောက်ကနေတစ်ဆင့် စိုက်ပျိုးရေပေးဝေတဲ့ မြောင်းတွေဖြစ်ပါတယ်။ မကျီးချောက်ကျေးရွာ၊ ကန်တိုင်ပေါက်ကျေးရွာ၊ လျှော်ဖြူကန်ကျေးရွာဘက်ကို စိုက်ပျိုးရေပေးဝေတဲ့ မြောင်းတွေက နှစ်ကာလကြာမြင့်လာပြီဖြစ်လို့ သဲနုန်းပို့ချတာများပြီး မြောင်းအနက်တိမ်သွားတာတွေကို ပြန်လည်တူးဖော်ပေးတာပါ။ ပြီးတော့ မကျီးစု၊ ရှမ်းတဲ၊ ကွမ်းခြံရိုး ကျေးရွာတွေဘက်ကို စိုက်ပျိုးရေပေးဝေတဲ့မြောင်းက ခုနက ကျေးရွာတွေကို ပေးဝေတဲ့မြောင်းကပဲ ခွဲထွက်ပြီး ပေးတာပါ။ မကျီးစုဘက်ပေးတဲ့ စိုက်ပျိုးရေပေးဝေတဲ့ မြောင်းက ပြည်သာယာမြောက်ပိုင်းရပ်ကွက် မြင်းခြံလမ်းမနဲ့ ၁-လမ်းအနီးက ဖြတ်သန်းသွားတယ်"ဟု လျှော်ဖြူကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါမြောင်းအတွင်း ဒေသခံများက အမှိုက်များစွန့်ပစ်ခဲ့မှုကြောင့် မြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ပြည်သာယာ ၁-လမ်းအနီး မြောင်းဘေးမှာ ရပ်ကွက်ဒေသခံတချို့က အမှိုက်တွေစွန့်ပစ်တာမို့ မြောင်းအတွင်း အမှိုက်တွေကျရောက်ပြီး စိုက်ပျိုးရေပေးဝေတဲ့မြောင်း ပိတ်ဆို့မှုတွေဖြစ်တယ်။ အဲဒါကို အခုရှင်းလင်း တူးဖော်ဆောင်ရွက်ပြီး ဒီနေရာမှာ အမှိုက်မစွန့်ပစ်ဖို့ တားမြစ်သွားမယ်လို့ သိရတယ်။ အခုလို စိုက်ပျိုးရေပေးဝေမြောင်းတွေ ပြန်လည်တူးဖော်ပေးတဲ့အတွက် ဒေသခံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူတွေအနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်" ဟု ၎င်းက ဖြည့်စွက်ပြောသည်။

ဇူလိုင် ၁၄ ရက်က စတင်ပြီး အဆိုပါ စိုက်ပျိုးရေပေးဝေသည့် မြောင်းများ ပြန်လည်တူးဖော်ပြုပြင်ခြင်း လုပ်ငန်းများကို မြေတူးစက်ကြီးနှစ်စီးဖြင့် ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။ **(၅၇၉)**

ရောင်းမည်(ပွဲစားမလိုပါ)
- ဒဂုံအရှေ့၊ (၁၅၅)၊ လမ်းမတန်း ပေ(၂၀×၆၀) ၁၇၅ သိန်း
- ဒဂုံဆိပ်ကမ်း၊ (၈၂)ရပ်ကွက်၊ ပေ(၄၀×၆၀) ၁၇၀ သိန်း
- ဒဂုံဆိပ်ကမ်း၊ (၇၈)ရပ်ကွက်၊ ပေ(၄၀×၆၀) ၃၆၀ သိန်း

ဖုန်း-၀၉-၅၁၃၄၆၃၀၊ ၀၉-၃၁၅၅၉၇၅၅

ကျန်းမာရေးဝန်ကြီးဌာန၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံ အုပ်ကြီး၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၁၄-၇-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၈-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

ဆေးရုံအုပ်ကြီး၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)
ဖုန်း-၀၁-၉၆၉၀၁၇၀၊ ၀၁-၉၆၉၀၁၁၈

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေတွင် သူနာပြုသင်တန်းကျောင်း(၁)ကျောင်း၊ သားဖွားသင်တန်းကျောင်း (၁) ကျောင်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဖြစ်ပါသည်။
၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်ကျန်းမာရေးဦးစီးဌာနရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
လျှောက်လွှာနှင့်အဆောက်အအုံပုံစံထုတ်ယူရမည့်ရက် - ၁၈-၇-၂၀၁၄ ရက်
လျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၈-၈-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီ

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံများ၊ ခုတင်(၅၀)ဆံ့ဆေးရုံများနှင့် (၂၅)ခုတင်ဆံ့ဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။
၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ထုတ်ယူရမည့်နေ့ရက် - ၁၈-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီ

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ



ဆောင်းပါး

ဓာတုမြေသြဇာ စနစ်တကျသုံးစွဲရေး

à a&)Tnfi;ouf(bkvif)

ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် တိုးတက်ထွန်းကားသည်နှင့်အမျှ ဓာတုပိုးသတ်ဆေးများ ဓာတုဓာတ်မြေသြဇာများ သုံးစွဲမှုကလည်း သုံးစွဲမှုမြင့်မားလာကြောင်းတွေ့မြင်နေရသည်။ ဓာတုဗေဒနည်းအားဖြင့် ပေါင်းစပ်ဖော်ထုတ်ထားသော ဓာတ်မြေသြဇာများသုံးစွဲသောအခါမှာ လယ်မြေယာမြေများ၏ ဓာတ်ခံနှင့် စိုက်သီးနှံမျိုးအလိုက် ကွဲပြားတတ်သည်။ ဓာတ်မြေသြဇာများ သုံးစွဲမှုများပြားပါက မြေဆီလွှာပျက်စီး၍ မြေကန်းပျက်စီးမှုများ ဖြစ်ပေါ်တတ်သည်။

တောင်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်သော လယ်မြေယာမြေများ မြေကန်းပျက်စီးမှု မကြုံတွေ့ရအောင် ဓာတ်မြေသြဇာများကို စနစ်တကျသုံးစွဲစိုက်ပျိုးနိုင်ရန်အတွက် မြေ၏ချဉ်ငန်ဓာတ် (P.H) ကို မြေနမူနာယူ ခွဲထားသင့်ပေသည်။ မြေ၏ (P.H) ခွဲထားမှုမရှိဘဲ ဓာတ်မြေသြဇာများ အလွန်အကျွံအသုံးပြုပါက မြေဆီလွှာကိုပျက်စီးပြီး ၎င်းသည် မြေကန်းမှု၏ အဓိကအခြေခံအကြောင်းအရင်းတစ်ရပ်လည်းဖြစ်သည်။

ဓာတုနည်းဖြင့်ဖော်စပ်ထားသော ဓာတ်မြေသြဇာများကို စနစ်တကျသုံးစွဲခြင်းမရှိပါက ငွေကုန်အချိန်ကုန်လူပန်းမှုများသာ အဖတ်တင်ပြီး မြေဆီလွှာပျက်စီးခြင်း၊ သီးနှံအထွက်မတိုးခြင်းစသော ဆိုးကျိုးများသာ တွေ့ကြုံရမှုများလည်း ရှိတတ်သည်။ သီးနှံအထွက်တိုးရေးအတွက် ဓာတ်မြေသြဇာသုံးစွဲရာမှာ နွားချေးစသော သဘာဝမြေသြဇာများနှင့်တွဲစပ်၍ ထည့်သွင်းသုံးစွဲခြင်းက မြေဆီလွှာပျက်ဆီးမှုနှင့် ဓာတ်မြေသြဇာများ လေလွင့်ဆုံးရှုံးမှုမှ ကင်းဝေးစေသည်။

စိုက်ပျိုးသီးနှံအထွက်တိုးရေးအတွက် အဓိကအသုံးပြုနေသည့် ဓာတ်မြေသြဇာများက ယူရီးယားခေါ် ပုလဲဓာတ်မြေသြဇာ မြေဆီဖြူနှင့်တီစူပါ မြေဆီနက်ခဲလုံးမြေဆီ ပိုတက်စီယမ်မြေဆီအနီမှုန့် ဓာတ်မြေသြဇာများကို အများဆုံး အသုံးပြုကြသကဲ့သို့ ခေတ်ပေါ်ကွန်ပေါင်းဓာတ်မြေသြဇာများ သုံးစွဲလေ့ရှိကြသည်။ မြေဆီဖြူဟုခေါ်သော ယူရီးယားက အပင်ဖြစ်ထွန်းမှုနှင့် အရွက်ဖြစ်ထွန်းမှုကို အဓိကအားပေးသည်။ အသီးအပွင့် သီးနှံဖြစ်ထွန်းမှုအတွက် အားပေးမှုနည်းသည်။ အသီးအပွင့် အနှံဖြစ်ထွန်းရေးအတွက် ခိုင်မာတောင့်တင်းရေးအတွက် တီစူပါနှင့် ပိုတက်စီယမ်ဓာတ်မြေသြဇာများကိုသာ သုံးစွဲရမည်ဖြစ်သည်။

မြေချဉ်ငန်ဓာတ်ခွဲခြားထားမှုမရှိဘဲ ယူရီးယားမြေသြဇာ မြေဆီဖြူကို အလွန်အကျွံသုံးစွဲပါက တောင်သူအခေါ် မြေကန်းတတ်သည်။ မြေဆီလွှာ ပျက်စီးသွားတတ်သည်။ ယူရီးယားဓာတ် အချိုးအဆများစွာ ထည့်သွင်းဖော်စပ်ထားသော ကွန်ပေါင်းဓာတ်မြေသြဇာများကို သုံးစွဲသောအခါ ချင့်ချိန်၍ သုံးစွဲသင့်သည်ဟု အကြံပြုချင်သည်။ လတ်တလော အပင်ဖြစ်ထွန်းမှုတစ်ခုတည်းကို မကြည့်ဘဲ ရေရှည်အကျိုးကိုကြည့်၍ မြေအမျိုးအစားသီးနှံအမျိုးအစားလိုက် ဓာတ်မြေသြဇာများကို ချင့်ချိန်အသုံးပြုခြင်းက ရေရှည်မှာ မြေဆီလွှာထိန်းသိမ်းမှု အကျိုးရှိနိုင်သည်။

ဓာတုဓာတ်မြေသြဇာများကို သဘာဝမြေသြဇာများနှင့် တွဲစပ်အသုံးပြုသင့်ကြောင်း အကြံပြုတိုက်တွန်းရခြင်းက ရေရှည်မှာ မြေဆီလွှာပျက်စီးမှု ထိန်းသိမ်းနိုင်ပြီး ဓာတ်မြေသြဇာများ လေလွင့်ပျက်စီးဆုံးရှုံးမှု မရှိစေဘဲ ငွေကုန်ကြေးကျသက်သာသော မြေသြဇာများ သုံးစွဲနိုင်သောကြောင့် ဖြစ်ပါသည်။ ဓာတ်မြေသြဇာများကို ထည့်သွင်းအသုံးပြုသော တောင်သူဦးကြီးများအနေဖြင့် သီးနှံအထွက်တိုးရန်၊

မိမိတို့လက်ထက်တွင် သာမက သားစဉ်. . .

အောင်မြင်ရန်အတွက် ဓာတ်မြေသြဇာများကို အများအပြားထည့်သွင်းအသုံးပြုသော်လည်းသီးနှံတို့က လိုအပ်သလောက်သာ စားသုံးပြီး ပိုလျှံနေသော မြေသြဇာတို့က လေဖြင့် ဓာတ်ပြုပျက်ပျယ်သွားခြင်း၊ ပေါင်းမြက်တို့က စားသုံးဖြစ်ခြင်းတို့ ဖြစ်တတ်ပါသည်။

ဓာတ်မြေသြဇာများ စိုက်ခင်းအတွင်းထည့်သွင်းရာမှ လေလွင့်ဆုံးရှုံးမှုမရှိရအောင် နွားချေးစသော သဘာဝမြေသြဇာများနှင့် ရောစပ်၍ ဆပွားသုံးစွဲပါက ငွေကုန်ကြေးကျလည်း သက်သာပြီး အသီးအနှံပင်များက စားသုံးပိုလျှံသော ဓာတ်မြေသြဇာများကို သဘာဝမြေသြဇာများက စုပ်ယူထိန်းသိမ်းထားသောကြောင့် သီးနှံပင်လိုအပ်ချိန်တွင် အလွယ်တကူ စုပ်ယူစားသုံးနိုင်သဖြင့် သီးနှံအထွက်တိုးရေးအတွက် အကျိုးရှိစေပါသည်။

ဓာတ်မြေသြဇာများ ဆပွားသုံးစွဲနည်းက အလွန်လွယ်ကူပေသည်။ လွယ်ကူသောကြောင့် တောင်သူတို့က အထင်အမြင်သေးကာ မသုံးစွဲကြဘဲ အသင့်သုံးအလွယ်ကြိုက် ဈေးကြီးပေးရသော ကွန်ပေါင်းတို့ကိုသာ သုံးစွဲနေကြသည်။ ငွေကုန်သက်သာသော မြေသြဇာဆပွားသုံးစွဲလိုပါက ယူရီးယား ၁၁၂ ပေါင်မြေဆီတစ်အိတ်ကို နွားချေးအခြောက်မှုန့်လေးတင်းနှင့် ဆတူရော တစ်ညအိပ်ထားပြီး သုံးစွဲနိုင်သည်။ နွားချေးသဘာဝမြေသြဇာ မလွယ်ကူပါက နှမ်းဖတ်၊ ပဲဖတ်၊ နေကြာဖတ်အမှုန့်များနှင့်လည်း ရောစပ်အသုံးပြုနိုင်သည်။

တောင်သူဦးကြီးများအနေဖြင့် မိမိတို့လက်ထက်တွင် သာမက သားစဉ်မြေးဆက် လုပ်ကိုင်ကြရမည့် မြေယာကို မြေဆီလွှာပျက်စီးမှုမရှိရလေအောင် ဓာတ်မြေသြဇာများကို သဘာဝမြေသြဇာစာများနှင့် တွဲစပ်သုံး၍ လယ်ယာမြေဆီလွှာများကို ထိန်းသိမ်းကြပါဟု အကြံပြုလိုက်ရပေသည်။ ။

ဘီးလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇူလိုင် ၁၅ ရက် နံနက်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ခြေသည်းလက်သည်းများ ညှပ်ပေးခြင်း၊ လက်များကို စနစ်တကျ ဆေးကြောပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်၍ ဆေးဝါးကုသခြင်းလုပ်ငန်းများကို မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာအိအိကျော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးခန်းမှူး ဒေါ်ဌေးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဥ္ဇာဝင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

ရာဘာစိုက်ပျိုးထုတ်လုပ်သူများအား ဒုတိယအကြိမ်ချေးငွေထုတ်ချေး

ကျိုက်ထို၊ ဇူလိုင် ၁၇

ကျိုက်ထိုမြို့နယ် ရာဘာစိုက်ပျိုးထုတ်လုပ်သူများ ငွေစုငွေချေးသမဝါယမအသင်းဝင်များအား ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီခွဲတွင် သိမ်ဇရပ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် ချေးငွေထုတ်ချေးခြင်းအခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးချိုထွန်းက ရာဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆွေးနွေးပြောကြားပြီး နီလာကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာ အတွင်းရေးမှူး ဦးကံမြင့်က ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ရာဘာစိုက်ပျိုးထုတ်လုပ်သူ အသင်းသားများကို အတိုးနှုန်း ၁ ကျပ် ပြား ၅၀ နှုန်းဖြင့် တစ်သိန်းကျပ်စီ ထုတ်ချေးပေးရာ အသင်းသား ၂၀၀ ဦးမှလက်ခံရယူခဲ့ကြောင်း သိရသည်။

ဝင်းမောင်(ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပွဲတော် ကောလင်း ဆင်ခံတောင်ဘုရားကုန်းမြေ၌ကျင်းပ

ကောလင်း၊ ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ရေကန်သာကျေးရွာအုပ်စု၊ ဆင်ခံတောင်ဘုရားကုန်းမြေ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦးက ခရေပျိုးပင်ကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ချိုက ယူကလစ်ပျိုးပင်ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးညဏ်မြင့်က ကျွန်းပျိုးပင်ကိုလည်းကောင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကျွန်းပျိုးပင် ၂၀၀၊ မဟော်ဂနီပျိုးပင် ၁၀၀ ၊ ပျဉ်းကတိုးပင် ၂၀၀ ၊ ကံ့ကော်ပျိုးပင် ၂၀၀၊ ပိတောက်ပျိုးပင် ၃၀ စုစုပေါင်းပျိုးပင် ၇၃၀ တို့ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **အောင်ကျော်စိုး(ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး(၃၄)ရုံနှင့် ဗဟိုအဆင့်ဆေးရုံကြီး (၁၁)ရုံတို့တွင် ဆေးနှင့်ဆေးပစ္စည်းများကို မှတ်တမ်းများထားရှိရန် Computerized Inventory Software ရေးဆွဲမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်း အသေးစိတ်ကို ကျန်းမာရေးဦးစီးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန

တိုက်ခန်းငှားမည် (ပွဲစားမလို)

ပေ(၂၅×၅၀) အမှတ်-၅၁၆၊ မြေညီထပ်၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်းအောက်လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ကိုရီးယားပါကေးခင်းပြီး။
ဖုန်း-၀၉-၄၂၀၀၃၉၉၁၆
၀၉-၅၁၉၀၉၀၅

ခြံမြေ အမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှည်းကူးတာဆုံအနီး၊ လှည်းကူးဖောင်ကြီးလမ်းမကြီးဘေး (၁. ၀၉)ဧက ကျယ်ဝန်းသော ခြံမြေအား ပိုင်ရှင်ကိုယ်တိုင် ရောင်းလိုပါသည်။ (ညှိနှိုင်းဈေး)
ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၃၁၈၁၂၉

အမည်ပြောင်းလဲခေါ်ပါရန် ကော့သောင်းမြို့ အထက(ခွဲ) အင်္ဂပါ ပထမတန်း(A)မှ မဖူးဖူးအာကာမိုးအား မဖူးဖူးသံစဉ်ချိုဟုပြောင်းလဲခေါ်ဆိုပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄) မိုင် ခန့်အကွာ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၇-၂၀၁၄ ရက်
တင်ဒါပုံစံအရောင်းပိတ်ရက် - ၃၁-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် - ၇-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



စလင်းမြို့နယ်ရှိ အချင်းပြစ်ကျေးရွာမှ အခြေခံမူလတန်းကျောင်း အဆောက်အအုံ ပြုပြင်မွမ်းမံရန် အရေးတကြီးလိုအပ်

စလင်း၊ ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်မကျွန်းကျေးရွာအုပ်စု၊ အချင်းပြစ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၏ တစ်ခုတည်းသော ပင်မစာသင်ဆောင်သည် နှစ်သက်တမ်းကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ကာ ကျောင်းသား၊ ကျောင်းသူများ ပညာဆက်လက်သင်ကြားရန် အန္တရာယ်ရှိသော အဆောက်အအုံဖြစ်နေ၍ ပြန်လည်ပြုပြင်ရန် အရေးတကြီးလိုအပ်နေကြောင်း သိရသည်။

အဆောက်အအုံ၏ ပျက်စီးယိုယွင်းမှုများ အနက် အဓိက တိုင်ခြေများနှင့် အောက်ခြေခါးပန်းများ ဆွေးမြည့်ပျက်စီးနေမှုမှာ ကျောင်းသားသူငယ် ကလေးများအတွက် ပို၍ အရေးကြီးကြောင်း၊ မိုးသက်လေပြင်းများမကျမီ အချိန်မီပြုပြင်ရန် အရေးတကြီးလိုအပ်ကြောင်း အချင်းပြစ်ကျေးရွာ၊ သာသနာ့အောင်မြေ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဒီပက မိန့်ကြားသည်။

"ဘုန်းကြီးတို့ ရွာကလေးက ဆင်ဖြူကျွန်းနဲ့ ခြောက်မိုင်လောက်ဝေးပြီး မိုးတွင်းကာလမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်။ ဧရာဝတီမြစ်ကမ်းဘေးမှာရှိပြီးတော့ မြစ်ကမ်းပါးပြိုတဲ့ဒဏ်ကို နှစ်စဉ်နှစ်တိုင်း ခံစားရတယ်။ ဒီစာသင်ကျောင်းကလေးက မြစ်ကမ်းပါးပြိုလို့ ငါးကြိမ်တိုင်တိုင် ရွှေ့ပြီးပြီ။ ခဏခဏ ရွှေ့ရတဲ့အခါကျတော့ အဆောက်အအုံက ဘယ်လိုခိုင်ခံ့တော့ပါ့မလဲ။ ကလေးတွေ စာသင်နေတုန်း မိုးလေတိုက်ခတ်ပြီး အဆောက်အအုံပြိုကျမှာ စိုးရိမ်ရတယ်။ အခုအခြေအနေက စိတ်မချရတော့ရင် ဘုန်းကြီးရဲ့ ကျောင်းမှာပဲ ယာယီပြောင်းရွှေ့ သင်ကြားရမယ့် အနေအထားရှိတယ်။ ဒါတွေကို သက်ဆိုင်ရာကိုလည်း တင်ပြထားပါတယ်။ တာဝန်ရှိသူတွေအနေနဲ့လည်း ကလေးတွေရဲ့ ပညာရေးအတွက် အမြန်ဆုံးလာရောက်လေ့လာပြီး အကူအညီပေးဖို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

အချင်းပြစ်ကျေးရွာရှိ သက်တမ်း ၃၄ နှစ်ရှိပြီဖြစ်သော ပြုပြင်ရန်လိုအပ်နေသည့် အခြေခံမူလတန်းကျောင်းဆောင် အဆောက်အအုံအားတွေ့ရစဉ်။

အဆိုပါ မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ ၈၆ ဦးကို ဆရာ သုံးဦးဖြင့် ပညာသင်ကြားပေးလျက်ရှိကာ အချင်းပြစ်ကျေးရွာသည် ယခုအခါ ဧရာဝတီမြစ်ကမ်းပါး တိုက်စားမှုဒဏ်ကို ခံစားနေကြရပြီး ဒေသခံများမှာ ဆင်းရဲနွမ်းပါးကြကြောင်း သိရသည်။

နိုင်ငံတော်မှ ၁၉၈၀ ခုနှစ်တွင် အချင်းပြစ်ကျေးရွာတွင် ၎င်းကျောင်းအား မူလတန်းအဆင့်အဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့ပြီးကျေးရွာဒေသခံများ၏ အကူအညီဖြင့် ပင်မစာသင်ဆောင်(၆၃×၂၃)ပေကိုသွပ်မိုး၊ပျဉ်နှင့်ထရံကာ၊ ပျဉ်ခင်း အဆောက်အအုံကို ဆောက်လုပ်ခဲ့ရာ ယခုအခါ သက်တမ်း ၃၄ နှစ်ရှိပြီဖြစ်သည်။

ကျော်စွာ(မကွေး)

စာရေးအဆင့် တရားရုံးဝန်ထမ်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

လင်းခေး၊ ဇူလိုင် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်တရားရုံးမှ ကြီးမှူး၍ တရားရုံးဝန်ထမ်း (စာရေးအဆင့်) ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း ဖွင့်လှစ်သည့် အခမ်းအနားကို အဆိုပါရုံးတွင် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် လင်းခေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က (ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား) သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ လင်းခေးခရိုင်တရားရုံး တရားသူကြီး ဒေါ်ဂေါ်လုဘောက်က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ လင်းခေးခရိုင် အတွင်းရှိ မြို့နယ်များမှ စာရေးအဆင့်သင်တန်း တက်ရောက်ရခြင်းမရှိသေးသည့် သင်တန်းသားခြောက်ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

သင်တန်းတွင် ရုံးစာရေးသားနည်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ ဝန်ထမ်းကျင့်ဝတ်နှင့်စည်းကမ်း၊ ဘဏ္ဍာရေးကျင့်စဉ်နှင့်စာရေးဝန်ထမ်းတစ်ဦးချင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအကြောင်း ဘာသာရပ်တို့ကို သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း လင်းခေးခရိုင် တရားသူကြီး ဒေါ်ဂေါ်လုဘောက်က ပြောသည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

မြိုင်ကလေး ဘိလပ်မြေစက်ရုံ ကားဝင်း ဈေးဆိုင်တန်းရှိ ဆိုင်တစ်ဆိုင်မှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ဘားအံ၊ ဇူလိုင် ၁၇

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေး တန် ၄၀၀၀ ဘိလပ်မြေစက်ရုံကားဝင်းအတွင်း ဈေးဆိုင်တန်းရှိ ဈေးဆိုင်တစ်ဆိုင်မှ WY စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများကို ဇူလိုင် ၁၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်ကလေးရဲကင်းစခန်းမှ ရဲကင်းစခန်းမှူး ဒုရဲအုပ်စိုးခိုင်၊ နယ်ထိန်းတပ်ကြပ်ကြီး အောင်မြင့်ဦး၊ နယ်ထိန်းတပ်ကြပ် မျိုးဇော်မြင့်၊ တပ်ကြပ် အောင်မြင့်မိုး၊ ဒုတပ်ကြပ် ထွန်းမင်းလတ် တို့သည် မူးယစ်ဆေးဝါးသတင်းအရ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာအုပ်စု၊ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ ကားဝင်းရှိ နိုင်နိုင်အေး ၃၃ နှစ်၏ နေအိမ်ဈေးဆိုင်ခန်းသို့ ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဝရမ်းအမှတ် (၁၀/၂၀၁၄)ဖြင့် သက်သေအဖြစ် (လှကာကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်) သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ယင်းသို့ ရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်းအတွင်း၌ နိုင်နိုင်အေးအား အသင့်တွေ့ရှိရပြီး နေအိမ်ဈေးဆိုင်ရှေ့ခန်း ဘုရားဆောင်ပေါ်ရှိ အမွှေးတိုင်အိတ်အောက် တိုင်ကြားထဲမှ WY စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြားအား ပလတ်စတစ်အိတ်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု ဖော်ထုတ်နိုင်ရန် အသွင်ယူဝယ်ယူခဲ့သော နံပါတ်မှတ်သား မိတ္တူကူးထားသည့် ငွေစက္ကူ ၅၀၀၀ ကျပ်တန်တို့အား လည်းကောင်းတွေ့ရှိခဲ့သည်။

၎င်းနောက်ဆက်လက်ရှာဖွေခဲ့ရာနေအိမ်အိပ်ခန်းအတွင်း ချိတ်ထားသည့် အနက်ရောင်လက်ဆွဲအိတ်အတွင်း ထည့်ထားသည့် မိန်းမကိုင် ပန်းရောင်ပိုက်ဆံအိတ်အတွင်းမှ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရာတွင် ဆက်သွယ်အသုံးပြုသော တယ်လီဖုန်းသုံးလုံးတို့အားလည်းကောင်း ရှာဖွေတွေ့ရှိရ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်း သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ နိုင်နိုင်အေးအား စစ်ဆေးရာ အဆိုပါ စိတ်ကြွဆေးပြားများအား လှကာကျေးရွာအုပ်စု၊ ဓမ္မပါလအောက်ပိုင်းနေ သန်းနိုင်ဦးထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ကွင်းဆက်တရားခံအား အမြန်ဆုံး ဖမ်းဆီးနိုင်ရေးအတွက် သန်းနိုင်ဦး ၂၉ နှစ် ဓမ္မပါလအောက်ပိုင်းရှိ ၎င်း၏နေအိမ်အား မူးယစ်ဆေးဝါးဖမ်းဝရမ်းအမှတ် (၁၁/၂၀၁၄) ဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ ရှာဖွေမတွေ့ရှိရသော်လည်း ငွေရောင်ခဲပတ်စက္ကူပိုင်း ခုနှစ်ခု၊ အရှည်လေးလက်မခွဲခန့်ရှိ စတီးပိုက်အသေးတစ်ချောင်း၊ TARYO တံဆိပ်ပါ အနီရောင် ဂက်စ်မီးခြစ်တစ်လုံး၊ GRADE စာတမ်းပါ တယ်လီဖုန်းနံပါတ်များနှင့် ငွေစာရင်းများရေးသားထားသော ဗလာစာအုပ်တစ်အုပ်တို့အား ရှာဖွေတွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

၎င်းအမှုနှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများအား လက်ဝယ်တွေ့ရှိသူ နိုင်နိုင်အေး တန်(၄၀၀၀) ဘိလပ်မြေစက်ရုံကားဝင်း ဈေးဆိုင်တန်း နေထိုင်သူနှင့် သန်းနိုင်ဦး ဓမ္မပါလအောက်ပိုင်းရပ်ကွက် နေထိုင်သူတို့ နှစ်ဦးအား ဥပဒေအရ အရေးယူပေးရန် မြိုင်ကလေးရဲကင်းစခန်းမှူး ဒုရဲအုပ် စိုးခိုင်မှ တရားလိုပြုလုပ် တိုင်တန်း၍ ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ဒေါ်အေးသန္တာမင်း[၁၂/သဃက(နိုင်)၁၇၁၅၇၉]နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဆန်းလင်း[၉/မဟမ(နိုင်)၀၂၆၅၃၅]၏လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဆန်းလင်းသည် ဒေါ်အေးသန္တာမင်းနှင့် ၂၁-၁-၂၀၁၄ရက်တွင် အမရပူရမြို့နယ်တရားသူကြီးရှေ့မှောက်၌ ထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။ပေါင်းသင်းစဉ်ကာလအတွင်း ကျွန်ုပ်တို့၏မိတ်ဆွေဦးဆန်းလင်းမှ ခင်ပွန်းတာဝန်ကျေပွန်စွာဖြင့် ဒေါ်အေးသန္တာမင်း အပေါ် ချစ်ခင်ယုယစွာပေါင်းသင်းခဲ့ကြပါသည်။၄-၆-၂၀၁၄ရက်တွင် ဒေါ်အေးသန္တာမင်းသည် အတူနေထိုင်ရာနေအိမ်မှ ဈေးဝယ်သွားရန် ပြောဆိုထွက်ခွာသွားပြီးနောက် နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မန္တလေးမြို့ အမှတ်(၇) ရဲစခန်းတွင် လူပျောက်မှုဖွင့်လှစ်တိုင်ကြားခြင်း၊ ၁-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပျောက်ဆုံးနေ၍အကြောင်းကြားပေးရန် ကြော်ငြာထည့်သွင်းခြင်း၊ ဇနီးဖြစ်သူသွားလာတတ်သည့်နေရာများသို့ အပူတပြင်း လိုက်လံစုံစမ်းခြင်းများဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ရှာဖွေစုံစမ်းနေစဉ်ကာလအတွင်း ဒေါ်အေးသန္တာမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဒေါ်ဖြူဖြူသက်မှ ၂၉-၆-၂၀၁၄ရက်ထုတ်ကြေးမုံသတင်းစာတွင် ခင်ပွန်းအဖြစ်မှသက်ဆိုင်တော့ကြောင်း ကြော်ငြာသည့်ခေါင်းစဉ်ဖြင့် "လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် ကိုယ်ထိလက်ရောက်ရိုက်နှက်သည့်အပြင် ကိုယ်စိတ်ဆင်းရဲအောင် ပြုမူခြင်းများကြောင့်"ဟု ဖော်ပြကြေညာခြင်းများသည် အဖြစ်မှန်ကိုဖုံးကွယ်ထိမ်ချန်၍ မမှန်မကန်ကြေညာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေဦးဆန်းလင်းသည် ဒေါ်အေးသန္တာမင်းအပေါ် ရိုက်နှက်ခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရန်အပြုအမူများ လုံးဝမရှိခဲ့ပါ။ ယနေ့အချိန်ထိလည်း ဇနီးသည်အပေါ် မေတ္တာပျက်ယွင်းမှု မရှိပါကြောင်းနှင့် ခင်ပွန်းထံဆက်သွယ်၍ ပြန်လာရန်အတွက်သာဆန္ဒရှိကြောင်း ဒေါ်အေးသန္တာမင်းသိရှိစေလိုပါသည်။ ဇနီးဖြစ်သူ ဒေါ်အေးသန္တာမင်းကိုဖြားယောင်းသွေးဆောင်၍ လက်ခံထားရှိခြင်းရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။ ဦးဆန်းလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကိုကိုအောင်(**H.G.P,LL.B**)စဉ်-၂၁၆၈၅
ဦးညီညီအောင်(**LL.B**)စဉ်-၉၀၃၉
ဦးသက်နိုင်ဦး(**LL.B**)စဉ်-၃၉၄၃၃
ဦးဝင်းအေး(**LL.B**)စဉ်-၄၀၂၁၁
ဥပဒေအကျိုးဆောင်ရှေ့နေများ
အမှတ်(၇၁၇)၊ ၈၁+၄၄လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၉၁၀၁၅၇၀၇၊ ၉၁၀၁၃၇၈၀၊ ၄၀၂၅၈၂၈၅၉၊ ၄၀၂၅၈၉၈၅၉





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

သိုလှောင်ရုံ(၁၀)လုံး၏ Fire Fighting & Fire Protection System ဆောက်လုပ်ခြင်းလုပ်ငန်း

